ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ဗုဒ္ဓဟူးနေ့၊ (26-10-2011) (၆၉၂၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# သိမ်မွေ့နက်နဲသော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ ပြန်လည်ထွန်းကားပြန့်ပွားလာအောင် နိုင်ငံတော်အစိုးရအနေဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ တခမ်းတနား စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်

## ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်မှာ ပြောင်မြောက်သည့် လူငယ်အနုပညာရှင်များ အရေအတွက်ရော အရည်အချင်းပါ အံ့သြလောက်အောင် တိုးတက်လာခြင်းဖြစ် အဆို၊ အက၊ အတီးပြိုင်ပွဲများသာမက အရေးပြိုင်ပွဲများမှာပါ လက်စွမ်းပြနိုင်ကြသည်ကို တွေ့မြင်ရ

နေပြည်တော် အောက်တိုဘာ ၂၅

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မြို့တော်ခန်းမဉ္စကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်အသင်းကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### မိန့်ခွန်းပြောကြား

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မွန်မြတ်သည့် ရည်ရွယ်ချက်များစွာနှင့် ကျင်းပပေးသော (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်ပြီးမြောက်သည့်အတွက် မိမိတို့အားလုံး ဂုဏ်ယူဝမ်းမြောက်ရမည့်နေ့ပင် ဖြစ်ပါကြောင်း။

အမျိုးသားအဆင့်ပြိုင်ပွဲကြီးကို ခမ်းခမ်းနားနားကျင်းပပြီးစီးခဲ့ပြီဖြစ်၍ ပြိုင်ပွဲကြီးဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးစီမံခန့်ခွဲပေးကြသည့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ စိတ်အား၊ လုပ်အား၊ ငွေအားဖြင့် ကူညီပေးသော စေတနာရှင်ပြည်သူများ၊ အကဲဖြတ်အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံးကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း။

### ဂုဏ်ယူဝမ်းမြောက်နိုင်

ပြိုင်ပွဲဝင်အနုပညာရှင်များအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးများနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲအဆင့်ဆင့်တွင် အောင်ပန်းဆင်ပြီး နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသူများဖြစ်ကြ၍ အားလုံးသည် အနုပညာအရည်အသွေးပြောင်မြောက်ကြသူများဖြစ်သည်ဟု မှတ်ယူရမှာဖြစ်ပါကြောင်း၊ ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ အောင်မြင်အောင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် အမျိုးသားရေးတာဝန်ကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်ခဲ့ရပြီဟု ဂုဏ်ယူဝမ်းမြောက်နိုင်ကြပြီ ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ပြိုင်ပွဲကြီးတွင် အောင်ပန်းဆွတ်ခူးနိုင်ခဲ့ကြပြီး ယနေ့ နိုင်ငံတော်က ချီးမြှင့်ဆုများကို လက်ခံတော့မည့်သူများအဖို့ ထူးချွန်သူများထဲက ထပ်ဆင့်ထူးချွန်သူများဖြစ်သောကြောင့် ထိုက်ထိုက်တန်တန် ချီးကျူးဂုဏ်ပြုရကျိုးနပ်သည်ဟု ပြောကြားလိုပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့❖**




**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

၂၆-၁၀-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

# ငြိမ်းချမ်းသာယာ တရားမျှတသော ကမ္ဘာကြီးတည်ဆောက်

လူသားများအပေါ် လေးစားမှု၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးမှုတို့အပေါ် အခြေခံပေါက်ဖွားလာခဲ့သည့် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သည်မှာ (၆၆)နှစ် ပြည့်မြောက်ခဲ့ပေပြီ။ နိုင်ငံတကာအသိုက်အဝန်းကိုယ်စားပြု နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်သည့် ကမ္ဘာ့အကြီးမားဆုံးအဖွဲ့အစည်းကြီး ဖြစ်သည်။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ရရှိရေးနှင့် ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ဖြေရှင်းရေးတို့တွင် ကုလသမဂ္ဂသည် နိုင်ငံများ၏ ကြိုးပမ်းချက်များအား သဟဇာတဖြစ်စေသည့် ဗဟိုဌာနတစ်ရပ် ဖြစ်လာနေပေပြီ။ နှစ်ပေါင်း (၆၆) နှစ်ကျော်ကာလအတွင်း ကမ္ဘာစစ်ကြီး ထပ်မံမဖြစ်ပွားရေးနှင့် လက်နက်အားပြိုင်မှုများကို တားဆီးနိုင်ခဲ့သည်။ ကုလသမဂ္ဂ၏ ကြိုးပမ်းအားထုတ်မှုရလဒ်များဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုလည်း တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတကာဥပဒေ၊ လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ဖော်ဆောင်ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့ရာတွင် နိုင်ငံအများစု၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်း၊ သဘာဝအရင်းအမြစ်များ လျော့ပါးလာခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ စားနပ်ရိက္ခာဈေးနှုန်း မြင့်မားလာခြင်း၊ စားနပ်ရိက္ခာလုံခြုံရေးအတွက် စိုးရိမ်မှုပိုလာခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာမှု များပြားလာခြင်းတို့ကိုလည်း ရင်ဆိုင်ကြုံတွေ့နေကြရဆဲဖြစ်သည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုနေသည်။ လူသားများအားလုံး၏ ဘဝရှင်သန်ဖွံ့ဖြိုးစေရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ထောင်စုနှစ်ရည်မှန်းချက်များကို ရေးဆွဲဖော်ဆောင်နေပြီ။ အဆိုပါ ထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် အပြီးအကောင်အထည်ဖော်ကြမည် ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံအားလုံးက ကြိုးပမ်းဖော်ဆောင်နေကြရပေမည်။ မျှတမှုမရှိသည့် စီးပွားရေးအကျပ်ကိုင်မှုများ၊ ကုန်သွယ်ရေးပိတ်ဆို့မှုများ ဖယ်ရှားပြီး တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း၊ ဈေးကွက်ရရှိစေရေးနှင့် ကြွေးမြီပြဿနာများ ဖြေရှင်းပေးခြင်း စသည့် ကူညီပံ့ပိုးမှုများပေးခြင်းတို့ကို အမြော်အမြင်ကြီးမားစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်သည် လူ့အခွင့်အရေးကို လေးစားရေးနှင့် မြှင့်တင်ရေးဖြစ်သည်။ ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ တရားမျှတမှုရှိသော ကမ္ဘာကြီးတည်ဆောက်ရေးအတွက် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ မျှော်မှန်းချက်များသည် ကုလသမဂ္ဂအဖွဲ့ကြီးတွင် ရှိနေပြီ။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် လူမှုရေးတရားမျှတမှု၊ စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ဘဝ အဆင့်အတန်းမြင့်မားမှုတို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ အပြည့်အဝ ပူးပေါင်းပါဝင် ကြိုးပမ်းသွားနိုင်မည်ဟု သုံးသပ်လိုက်ရပေသည်။ ။

# ဆေးဝါးများကို ကြောင်းကျိုးညီညွတ်စွာ အသုံးပြုတတ်ခြင်းသည် အမျိုးသားဆေးဝါးမူဝါဒ၏ ရည်ရွယ်ချက်တစ်ခုဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးရှိကာ အာနိသင် ပြည့်ဝအစွမ်းထက်သည့် တိုင်းရင်းဆေးဝါးများ အပါအဝင် အဓိကဆေးဝါးများကို ပြည်သူလူထု တတ်စွမ်းနိုင်သော ဈေးနှုန်းဖြင့် လူတန်းစားမရွေး၊ နေရာဒေသမရွေး လက်လှမ်းမီနိုင်ခြင်း၊ ဆေးဝါးများကို ကြောင်းကျိုးညီညွတ်စွာ အသုံးပြုတတ်ခြင်းတို့သည် အမျိုးသားဆေးဝါးမူဝါဒ ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရာနေရာတိုင်း ဌာနတိုင်း၌ မရှိမဖြစ်သည့် အဓိကဆေးဝါးများနှင့် ပတ်သက်၍ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများသုံးစွဲခြင်းဖြစ်စေရန် အလွန်အရေးကြီးကြောင်း၊ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးသုံးစွဲခြင်းဆိုသည်မှာ လူနာအတွက် အမှန်တကယ် လိုအပ်သည့်ဆေးကို လိုအပ်သည့် ဆေးပြင်းအား၊ ဆေးအရေအတွက်၊ သုံးစွဲရမည့် အချိန်ကာလ၊ သင့်တင့်မှန်ကန်သော ဈေးနှုန်းဖြင့် ပေးနိုင်ခြင်းကို ဆိုလိုကြောင်း၊ ဤသို့ဖြစ်စေရန် ဆေးဝါးညွှန်းသူ၊ ဆေးဝါးရောင်းချသူ၊ ဆေးဝါးသောက်သုံးသူများနှင့် တာဝန်ရှိသူများအားလုံး နားလည်သဘောပေါက်ပြီး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ လုပ်ငန်းအရာရှိဆေးဝါးများ၊ ဆေးဝါးကျွမ်းကျင်များကို ကောင်းသောဆေးဝါးများ ညွှန်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်၊ ဆေးညွှန်းစာရေးသားနည်း၊ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများသုံးစွဲတတ်စေရေးအတွက် နည်းလမ်းများ၊ စီမံချက်အလိုက် Updated Treatment Guidelines များကို ပို့ချဆွေးနွေးပေးပြီး သင်တန်းအပြီးတွင် မိမိတို့မြို့နယ်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ဆေးဝါးများညွှန်းခြင်းဆိုင်ရာ လိုအပ်သည့် ပြုပြင်မှုများ၊ ညွှန်ကြားမှုများကို စဉ်ဆက်မပြတ်သင်ကြားလေ့ကျင့် ဆောင်ရွက်ပေးကြခြင်းဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှု အရည်အသွေး တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် Workshop on Review and Revision of National Medicine Policy ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ နိုင်ငံအတွက် အရေးကြီးသည့် အမျိုးသား ဆေးဝါးမူဝါဒ ပေါ်ထွက်လာခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မရှိမဖြစ်သည့် ဆေးဝါးများကို အရည်အသွေး ပြည့်ပြည့်ဝဝ ဈေးနှုန်းသက်သက်သာသာဖြင့် ပြည်သူလူထုမှ ရရှိနိုင်စေခြင်း၊ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများ အသုံးပြုနိုင်ခြင်းဖြင့် ပြည်သူ့ဆေးရုံကြီးများတွင်သာမက ပုဂ္ဂလိကဆေးရုံကြီးများတွင်ပါ ကုသမှုအရည်အသွေး မြင့်မားလာစေခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးနိုင်ခြင်း၊ ဆေးများညွှန်းရာတွင် Standard Treatment Guidelines အတိုင်း ညွှန်းခြင်းဖြင့် ဆေးသုံးစွဲမှုအမျိုးအစားများ လျော့နည်းလာ၍ ငွေကုန်ကြေးကျမှု သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက မိမိတို့၏ အတွေ့အကြုံများ၊ ဗဟုသုတများကို ဖလှယ်ကြပြီး တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြရန်နှင့် အမျိုးသားဆေးဝါးမူဝါဒနှင့် ပတ်သက်ပြီး အရေးကြီးသော ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် အကြံကောင်း ဉာဏ်ကောင်းများ ပေးကြစေရန် လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဆေးဝါးအကြံပေး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နှီးနွယ်နေသော ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ WHO, UNICEF, UNFPA တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်က ဆောင်ရွက်ပြီး အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် အဓိကဆေးဝါးစီမံချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး(ကုသရေး)နှင့် မြန်မာနိုင်ငံအဓိကဆေးဝါးစီမံချက် စီမံချက်မန်နေဂျာ ဒေါက်တာသီတာလှတို့က လည်းကောင်း၊ Introduction to National Medicines Policy With Examples ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာရုံးမှ ဒေသဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Kathleen Holloway က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲ သဘာပတိအဖြစ် ဆေးသိပ္ပံပညာ ဦးစီးဌာနမှ ပါမောက္ခ/ဌာနမှူး(ဆေးပညာ) ပါမောက္ခ ဒေါက်တာညွှန့်သိန်းက ဆောင်ရွက်ပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဆေးဝါးထောက်ပံ့မှု၊ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးအသုံးပြုမှု၊ အမျိုးသားဆေးဝါးမူဝါဒ ပေါ်ထွက်လာရေး ညှိနှိုင်းဆောင်ရွက်မှုများကို ဆွေးနွေးညှိနှိုင်းပေါင်းစပ်ကြပြီး အုပ်စုအလိုက် ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေး မူကြို(၁) ရွှေရတုသဘင်အကြို (၄၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်နှင့် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းကြိုကျောင်း ရွှေရတုသဘင်အကြို (၄၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်ကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီနှင့် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ မန္တလေးမြို့မိ မြို့ဖများ၊ မူကြို(၁)ဆရာမများ၊ ဝန်ထမ်းများ၊ ၁၉၆၆ ခုနှစ်မှစ၍ မူကြို(၁)တွင် ကျောင်းနေခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်ဆင်နွှဲကြပါရန်နှင့် လှူဒါန်းလိုပါက ဦးရဲဝင်းဟန် ဖုန်း-၀၉-၂၀၀၅၉၃၅၊ ဦးသိန်းထူး ဖုန်း-၀၉-၄၃၁၄၁၃၃၄၊ ကိုသန်းထိုက်စိုး ဖုန်း-၀၉-၄၉၂၅၀၄၈၂၊ ကိုအောင်ကိုကိုဌေး(ခ) ကိုပေါက် ဖုန်း-၀၉-၂၀၁၈၉၉၇၊ ကိုစိုးသူ ဖုန်း-၀၉-၉၁၀၀၉၀၄၆၊ ကိုသန်းထိုက် ဖုန်း-၀၉-၄၃၁၃၅၄၅၆၊ ကိုလှဘုန်း ဖုန်း-၀၉-၆၈၁၁၉၄၆၊ ဒေါ်ခင်နီ ဖုန်း-၀၂-၂၁၀၁၆၊ မအေးမြခိုင် ဖုန်း-၀၂-၂၁၀၁၆၊ ၆၂၄၂၉၊ မအေးဥမ္မာမြင့် ဖုန်း-၀၉-၄၇၀၅၉၇၈၊ မရီရီမြင့် ဖုန်း-၀၉-၉၁၀၀၀၀၄၉နှင့် မမိုးမိုးမြင့်သူ ဖုန်း-၀၂-၃၄၀၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အထိမ်းအမှတ်အကြိုတရားပွဲအဖြစ် အောက်တိုဘာ ၂၉ ရက် ည ၇ နာရီတွင် (၂၇)လမ်း (၆၈) လမ်းနှင့် (၆၉)လမ်းကြား ကျောင်းရှေ့တရားမဏ္ဍပ်၌ ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

(ကြေးမုံ)

# မန္တလေးကုန်စည်ဈေးနှုန်း (၂၅-၁၀-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ (အဆင့်-၁) | ၇၁၀၀၀၀ |
| အခေါက်ရွှေ (အဆင့်-၂) | ၇၀၈၅၀၀ |
| ရွှေဒင်္ဂါး (ရွှေရည်မီ) | ၆၃၇၅၀၀ |

**ဆန်ဈေး (သန့်စင်ပြီး)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ် (ဟောင်း) | ၂၅၀၀၀ |
| စောရှုပ် (သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ (ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ (သစ်) | ၁၉၅၀၀ |
| ဧယာ (ဟောင်း) | ၂၁၅၀၀ |
| ဧယာ (သစ်) | ၁၅၅၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၂၉၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀/၂၅၀၀ |
| ပန်းနှမ်းဆီ | ၂၈၀၀/၂၈၅၀ |
| နေကြာဆီ | ၂၈၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| စားအုန်းဆီ | ၁၇၆၀/၁၇၇၀ |

(၀၀၂)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၂ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မှတ်တမ်း
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ၇။ ရှေးဟောင်းသုတ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၁)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၆၈)
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဌက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဘိုးဘိုးဘွားဘွားဂီတတံခါး (ကောင်းပြည့်၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)](ဇာတ်သိမ်း)
၂၁။ မှတ်တမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင့်၍ (အပိုင်း-၄)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ် ပြည့်ပြီးသူများနှင့် လှူဒါန်းလိုသူများသည် ဦးအုန်းမြင့်(ဥက္ကဋ္ဌ) ဖုန်း-၅၆၁၇၈၀၊ ဦးထွေးဖြူ (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၇၃၀၄၆၁၆၈၊ ဦးရွှေဘ(အတွင်းရေးမှူး)ဖုန်း-၅၀၁၈၀၀၊ ဒေါ်ညွှန့်ညွှန့်ကြည် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၄၄၃၃၆ နှင့် ဦးအောင်သန်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၂၅၉၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၇၀၉ | ၀. ၀၃၂၄၁ |
| တရုတ် (ယွမ်) | ၆. ၃၆၂၀၀ | ၀. ၁၅၇၁၈ |
| အိန္ဒိယ (ရူပီး) | ၄၉. ၄၂၄၀ | ၀. ၀၂၀၂၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၈၅၀ | ၀. ၃၁၉၆၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၄၁၂ | ၀. ၇၉၁၀၇ |
| ဂျပန် (ယန်း) | ၇၅. ၉၁၂၈ | ၀. ၀၁၃၁၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၂. ၁၅ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၁၉၆၇ | ၁. ၃၈၉၅၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၅၆၈ | ၁. ၅၉၈၂၇ |

အင်တာနက်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့်ဥပဒေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်မည့် ဥပဒေများနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၅

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ကျင်းပသည့် တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့် ဥပဒေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။**

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေပညာရှင် ဆရာ၊ ဆရာမကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲ၌ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်မေထွန်းက လွှတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်မည့် ဥပဒေများနှင့် စပ်လျဉ်း၍တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြရာ ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်မေထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာမမလေးက လွတ်လပ်ရေးရပြီးနောက် တော်လှန်ရေးကောင်စီလက်ထက်မတိုင်မီ ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့် ဥပဒေများနှင့်စပ်လျဉ်း၍ လေ့လာတင်ပြသည်။

ထို့နောက် တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြရာ ပါမောက္ခ ဒေါက်တာမမလေးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ရှင်းလင်းဆွေးနွေးပွဲ ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ပါကစ္စတန်အစိုးရသို့ အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

**ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဆင်းဒ်ပြည်နယ်နှင့် ကရာချိမြို့ဝန်းကျင်၌ ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ပါကစ္စတန်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ပါကစ္စတန်အစိုးရသို့ အလှူငွေပေးအပ်သည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရေဘေးသင့်ပါကစ္စတန်ပြည်သူများအတွက် စာနာထောက်ထားကြောင်း ပြောကြားပြီး အလှူငွေ အမေရိကန်ဒေါ်လာ ငါးသောင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အမ်ဂျက် မာဂျစ်အဘာစီထံ ပေးအပ်ရာ သံအမတ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အလှူငွေပေးအပ်သည့်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးဝန်ထမ်းများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရေဘေးသင့် ပါကစ္စတန်ပြည်သူများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ငါးသောင်းကို ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အမ်ဂျက် မာဂျစ်အဘာစီထံ ပေးအပ်စဉ်။** (သတင်းစဉ်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အခွန်အရပ်ရပ်နှင့် ဒေသန္တရစီမံကိန်း အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၅

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်၏ အခွန်အရပ်ရပ်နှင့် ဒေသန္တရစီမံကိန်းကိစ္စရပ်များ ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက ဒေသန္တရစီမံကိန်းနှင့် အခွန်အရပ်ရပ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရှင်းလင်းကြသည်။

ထို့နောက် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရေး ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆည်မြောင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် အခွန်ဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းများ စနစ်တကျရှိရေး ဆွေးနွေးတင်ပြကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာမိုးရေချိန်များ (၂၅-၁၀-၂၀၁၁)

| | | | | |
|---|---|---|---|---|
| ဂန့်ဂေါ | ၁ | ဒသမ | ၇၇ | လက်မ |
| လှိုင်လင် | ၁ | ဒသမ | ၅၇ | လက်မ |
| မအူပင် | ၁ | ဒသမ | ၅၀ | လက်မ |

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ် ပိုနိုင်သည်။**

# နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကျေးရွာသုံးစိုက်ခင်း လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာ့သစ်တောသီတင်းပတ်အထိမ်းအမှတ် နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု၌ ၂၀၁၁ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် ကျေးရွာသုံးစိုက်ခင်း ယူကလစ်တစ်ဧက လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် အဆိုပါ မင်းကုန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်(၂၁၄/၁)၌ ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများအား ကျေးရွာသုံးစိုက်ခင်း ယူကလစ်တစ်ဧကကို လွှဲပြောင်းပေးအပ်သည်။

အလားတူ နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနက တစ်ရွာတစ်ဧက ကျေးရွာပိုင်စိုက်ခင်း ၂၅ ရွာ၊ တစ်အိမ်ထောင် သစ်မာပင် ၂၀၊ အိမ်ထောင်စု ၇၀၆၅ အတွက် အပင် ၁၄၁၃၀၀ နှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ အိမ်ထောင်စု ၅၄၉၅ အတွက် အပင် ၁၆၄၈၅ တို့ကို ကျေးရွာများသို့ ဖြန့်ဝေစိုက်ပျိုးခဲ့ရာ သေပင်ဖာထေးခြင်း၊ ခါးဆွခြင်းနှင့် မြေဩဇာကျွေးခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးစိုက်ခင်းများကို ဆက်လက်လွှဲအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ခန္ဓာအရှိကို ဉာဏ်အသိနဲ့ သုံးသပ်ကြည့်" တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁)**
၈း၄၀ အနုပညာခရီးလမ်းမှ အမှတ်တရများ (ဘဘဗိုလ်ကလေးတင့်အောင် ပြောပြသော မြန်မာ့အသံ)
၉း၀၀ Activities In The City
၉း၂၀ Eushido နှင့်သူ၏ချစ်သူများ
၉း၃၅ အားကစားမြင်ကွင်းစုံ
၁၀း၀၅ အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည် နှင်းဆီ
၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁၀း၅၅ Activities In The City
၁၁း၁၅ ဘဝ၏အနှစ်သာရသုံးပါး ရှာသူများ
၁၁း၂၅ Channel 7 ရုပ်သံလိုင်းသစ်အကြို မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနား
၁၁း၅၀ "YIUS" ကျောင်း၏ Certificate ပေးအပ်ပွဲအခမ်းအနား
၁၂း၁၅ လောင်မြိုက်ခြင်း၏ကမ်းတစ်ဖက် (နိုင်ထက်ဦး၊ စစ်သွေး၊ ဇော်မင်းပိုက်၊ မေသကြန်) [ဒါရိုက်တာ-ဇော်မင်းပိုက် (SM)]
၁း၀၀ "ခန္ဓာအရှိကို ဉာဏ်အသိနဲ့ သုံးသပ်ကြည့်" တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆)**
၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁)**
၅း၀၅ ရန်ကုန်မြင်ကွင်းကျယ်
၅း၂၀ အရသာစွဲမက်စားလို့ကောင်းတာ ဟုန်ရှင်းပင်လယ်စာ
၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇)**
၇း၂၀ Cartoon Show Time
၈း၀၀ MRTV-4 သတင်း
၈း၃၀ ရယ်စရာဖေးရှင်း (ကျွန်တော်ဘာမှမလုပ်ရပါဘူး)
၈း၅၀ Celebrity Style
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂)**
၁၀း၁၀ သင်ကြားရေးလမ်းညွှန်
၁၀း၂၅ စောင်းဆရာကြီးအင်းလေး ဦးမြင့်မောင်အားဂုဏ်ပြုသည့် အနုရသအလင်္ကာ (အပိုင်း-၄)
၁၁း၀၀ World of Knowledge
၁၁း၅၀ Industrial Talk
၁၂း၂၀ ဖန်တီးသူနှင့်အနုပညာ
၁၂း၅၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁း၀၅ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၁း၂၀ ရလဒ်ကောင်းများနှင့် Organic
၁း၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၅၅ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၂း၁၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၂း၂၅ Shooting Location
၂း၄၀ စိတ်ချယုံကြည် Global Wave Technology
၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၀ နယ်ဥဆန်းထွင်ပန်းအလှဆင်
၄း၁၅ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၄း၃၅ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၄း၄၅ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၂)
၅း၀၀ အစီအစဉ်ပြီး။

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအပေါ် အခက်အခဲများအတွက် ကူညီဆောင်ရွက်ပေးရန် သဘောတူဆုံးဖြတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်ကို စုပေါင်းကာ ငွေကျပ် ၃၉ ဒသမ ၅ သိန်း လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၅

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၂)ဦးတို့ တက်ရောက်ကြသည်။**

လွှတ်တော်သည် ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏အရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သမ္မတ၏ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသသို့ ယနေ့ သွားရောက်သည့်ခရီးစဉ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပေါက် မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုတို့ လိုက်ပါသွားကြောင်း၊ ထို့ပြင် ပြည်သူများအပေါ် စာနာထောက်ထားသည့်အနေဖြင့် အခက်အခဲများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် သဘောတူဆုံးဖြတ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်ကို စုပေါင်းကာ ငွေကျပ် (၃၉ ဒသမ ၅)သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၄)ခုကိုမေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **ကျောက်ကြီးမြို့လယ်ရှိ တံတားဟောင်းအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးရေးနှင့် ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်ကို ဆက်သွယ်သောလမ်းနှင့် စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ပေးရေးတို့ကို ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့လယ်ရှိ တစ်လွှာတစ်ထပ်ဘေလီတံတားကြီးအား ပိုမိုကြံ့ခိုင်စေရန်အတွက် ပေ(၂၇၀)အနက် ပေ(၁၂၀)ကို နှစ်လွှာတစ်ထပ်ဘေလီအဖြစ် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တည်ဆောက်ခဲ့ပြီး ရေလယ်တိုင်စင်(၃)တိုင်အသစ် တည်ဆောက်ခြင်း၊ သစ်သားရက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများ လဲလှယ်ခြင်းနှင့် သံထည်များဆေးသုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တံတားကြီးပေါ်တွင် ယာဉ်သွားလာမှုနည်းပါးသဖြင့် ကျောက်ကြီးမြို့လယ်တံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်း၊ ကျောက်ကြီးမြို့လယ်တံတား၏ ဆွေးမြည့်နေသော သစ်သားထည်များလဲလှယ်ခြင်းနှင့် သံထည်များဆေးသုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်ကို တိုက်ရိုက်ဆက်သွယ်သော လမ်းမရှိသေးပါကြောင်း၊ ကျောက်ကြီးမြို့မှ ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းအတိုင်း စစ်တောင်းမြစ်ကို ဖြတ်လျက် ရန်ကုန်-မန္တလေးလမ်းရှိ ပဲနွယ်ကုန်းမြို့သို့လာနိုင်ပြီး ပဲနွယ်ကုန်းမြို့မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း ဖြူးမြို့သို့ သွားလာနိုင်ပါကြောင်း၊ စစ်တောင်းမြစ်ကူးတံတားတည်ဆောက်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်တွင် အရှည်ပေ(၂၇၀)ရှိ စစ်တောင်းမြစ်ကူးတံတား(နတ်သံကွင်း) တံတားကြီးကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်၏ **မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်သို့ဆက်သွယ်ထားသော မိုးကုတ်-မိုးမိတ်-မြစ်ဆုံ-မဘိမ်း-စီပိန်း-စီအူ-ဗန်းမော်လမ်းမကြီးကို ရာသီမရွေး သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-စီအူ-ဗန်းမော်လမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၈၈)မိုင်(၆) ဖာလုံပါဝင်ပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း(၂၄)မိုင်၊ ကျောက်လမ်း (၄၈)မိုင်၊ အမာခံလမ်း(၁၅)မိုင်(၂)ဖာလုံ၊ မြေလမ်း(၁)မိုင်(၄)ဖာလုံ ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၂)မိုင်၊ ကျောက်ချောလမ်းခင်းခြင်း(၃)မိုင်၊ ပေ (၅၀)အောက်သစ်သားတံတားများ၏ ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများ ပြုပြင်လဲလှယ်ခြင်း(၇၃)စင်း၊ ပေ(၅၀)မှပေ(၁၀၀)အောက် သစ်သားတံတားများ၏ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများပြုပြင်လဲလှယ်ခြင်း (၆)စင်း၊ ပေ(၁၀၀)အထက် သစ်သားတံတား၏ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများ ပြုပြင်လဲလှယ်ခြင်း (၂)စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတားများအဆင့်မြှင့်တင် ဆောင်ရွက်ရန် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများတင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ **ဟားခါး-မတူပီလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟားခါး- မတူပီလမ်းသည် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နှင့်မတူပီမြို့ကို ဆက်သွယ်ထားသောလမ်းဖြစ်ပြီး (၁၇၂)မိုင်(၇)ဖာလုံ ရှည်လျားပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၅)မိုင် (၂)ဖာလုံ၊ ကျောက်လမ်း(၅၄)မိုင် (၃)ဖာလုံ၊ မြေလမ်း(၁၁၃)မိုင် (၂)ဖာလုံ ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း (၁၇၂)မိုင် (၇)ဖာလုံ၊ မြေလမ်းမျက်နှာပြင်ပြုပြင်ခြင်း(၃၇)မိုင် (၆)ဖာလုံ၊ လမ်းကျဉ်းနေရာများ လမ်းတာချဲ့ခြင်း(၁၃)မိုင် (၄)ဖာလုံ၊ မိုးရာသီတောင်ပြိုမြေဖယ်ရှားခြင်း ကျင်း (၅၀၀၀)၊ ကတ္တရာခင်းခြင်း (၄)ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း(၃)မိုင် (၇)ဖာလုံ၊ ဘီးလမ်းကျောက်ဖြည့်ခြင်း(၇၄၅)ပေ၊ တံတားကြမ်းခင်းလဲလှယ်ခြင်း(၁)စင်း၊ သစ်မာကြမ်းခင်းရေထုတ်ပြွန်ပြုလုပ်ခြင်း(၁)ခု၊ သစ်မာတံတားတည်ဆောက်ခြင်း(၁)စင်း၊ သံကူကွန်ကရစ်ကြမ်းခင်းရေထုတ်ပြွန်ပြုလုပ်ခြင်း(၁)ခု၊ ကျောက်စီသစ်မာခင်း ရေထုတ်ပြွန်ပြုလုပ်ခြင်း(၂၂)ခု၊ ရေထုတ်ပြွန်ပါကျောက်စီမြေကာနံရံပြုလုပ်ခြင်း(၂၀)၊ ကျောက်စီ မြေကာနံရံပြုလုပ်ခြင်း(၁)ခု၊ မြောခရစ်ရိုက်ခြင်း(၈)ခုတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေလုံးငွေရင်းနှင့်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း၏ **မန်တုံ-မိုးမိတ် မြေသားကားလမ်း(၅၇)မိုင်နှင့် မန်တုံ-မုံးဝီး-နမ့်ခမ်း မြေသားကားလမ်း(၈၃)မိုင်တို့ကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခင်းကျင်းရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော မန်တုံမှ မိုးမိတ်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မန်တုံ-မိုးမိတ်လမ်းအား မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၁၉၉၈-၁၉၉၉ဘဏ္ဍာရေးနှစ်မှစတင်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၁-၂၀၀၂ဘဏ္ဍာရေးနှစ်အထိ မြေသားလမ်းအဆင့်(၅၈)မိုင်၊ ကျောက်လမ်း(၇)မိုင် (၄)ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၁၁ရက်အထိ လမ်းအခြေအနေမှာ ကျောက်လမ်း(၂၇)မိုင် (၄)ဖာလုံ၊ မြေလမ်းမိုင်(၃၀) (၄)ဖာလုံ စုစုပေါင်း(၅၈) မိုင်ဖြစ်ပါကြောင်း။

**မန်တုံ-မိုးမိတ်လမ်းအား ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်း၊ တံတားသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း(၅၈)မိုင်၊ (၁၀)ပေအရှည် သစ်သားတံတားများ၏ကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်း(၁၈)စင်း၊ (၁၅)ပေအရှည် သစ်သားတံတားများ၏ ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများလဲလှယ်ခြင်း (၅)စင်း၊ ပေ(၂၀)အရှည် သစ်သားတံတားများ၏ ဆွေးမြည့်နေသော ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်းလဲလှယ်ခြင်း(၅)စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။**

မန်တုံမြို့နှင့် မူဆယ်ခရိုင် နမ့်ခမ်းမြို့ကို ဆက်သွယ်ထားသော မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ၁၉၉၆-၁၉၉၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့စဉ် ကာလအတွင်း မူလမြေသားလမ်းကြမ်းအဆင့်မှ ကျောက်ခင်းခြင်း(၆)မိုင် (၂)ဖာလုံနှင့် မန်တုံ-မုံးဝီးလမ်းအပိုင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း(၁)မိုင် (၂)ဖာလုံ၊ ကျောက်လမ်း(၁၅)မိုင် (၂)ဖာလုံ၊ အမာခံလမ်း(၂)မိုင် (၄)ဖာလုံ၊ မြေလမ်း(၆၅)မိုင် (၆)ဖာလုံ စုစုပေါင်း(၈၄)မိုင် (၆)ဖာလုံဖြစ်ပါကြောင်း။



လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

**မန်တုံ-မိုးမိတ်လမ်းနှင့် မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်း၊ တံတား အဆင့်မြှင့်တင် ဆောင်ရွက်ရန် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံပြီး ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်း(၈)ခုကို မေးမြန်းခဲ့ရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည်ဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၏ **လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလက်ရှိအခြေအနေတွင် နိုင်ငံတော်က စီမံကိန်းကြီးများ အကောင်အထည်ဖော်ရန် ခွင့်ပြုပေးသော ရန်ပုံငွေအသုံးစရိတ်များနှင့် ဝန်ကြီးဌာနက ပြန်လည်ရှာဖွေပေးသော ဝင်ငွေများအခြေအနေမည်သို့ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားများကို ပြည်သူအများအသုံးပြုနိုင်စေရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းများကို နိုင်ငံတော်က ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုပေးသော ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း(၄၃၅ ဒသမ ၂၂၇)နှင့် မြန်မာကျပ်ငွေ (၂၃၀) ဘီလီယံတို့ကို သုံးစွဲခဲ့ရပါကြောင်း။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား တစ်ယူနစ် ထုတ်လုပ်တိုင်း (၁)ကျပ်(၈၇)ပြား အရှုံးခံထုတ်လုပ်နေရသဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ခန့်မှန်းကျပ်သန်းပေါင်း(၈၈၇၀)ခန့် အရှုံးခံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားရောင်းချရသည့်ငွေဖြင့် လစာလုပ်ခများ၊ စက်လည်ပတ်ရန် လောင်စာဖိုးများ၊ စက်ပစ္စည်းများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းသည့် စရိတ်စကများ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့မှ ဝယ်ယူသောဓာတ်အားခများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် ဓာတ်ငွေ့ဖိုးများ၊ ဓာတ်အားရောင်းချငွေအပေါ် ပေးဆောင်ရသောအခွန်အခများနှင့် အခြားအသုံးစရိတ်များအတွက် ပေးချေခြင်းစသည်တို့ကို သုံးစွဲရပါကြောင်း။

ဓာတ်အားဝယ်ယူရာ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တစ်ယူနစ်လျှင် (၂၀)ကျပ်နှုန်းဖြင့် လည်းကောင်း၊ ရွှေလီအမှတ်(၁)ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်မှ တစ်ယူနစ်လျှင်(၀ ဒသမ ၁၈၉) ရင်မင်ဘီဖြင့်လည်းကောင်း ဝယ်ယူရပါကြောင်း၊ မိမိဝန်ကြီးဌာနမှထုတ်လုပ်သော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် စက်လည်ပတ်ရန် သဘာဝဓာတ်ငွေ့များကို စွမ်းအင်ဝန်ကြီးဌာနမှဝယ်ယူရသဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်း ချက် များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

သည် တစ်ယူနစ်လျှင်(၁၂ ဒသမ ၁၉)ကျပ် ကုန်ကျပါကြောင်း၊ ထို့ကြောင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တစ်ယူနစ်ပျမ်းမျှကုန်ကျစရိတ်သည် (၇၂)ကျပ်ခန့်ရှိနေပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် ဓာတ်အားခကောက်ခံသည့်နှုန်းထားမှာ အိမ်သုံးတစ်ယူနစ်ရောင်းဈေးနှုန်း(၂၅)ကျပ်၊ စက်မှုသုံးတစ်ယူနစ် ရောင်းဈေးနှုန်း(၅၀)ကျပ်ဖြစ်ရာ ပျမ်းမျှတစ်ယူနစ်ရောင်းဈေးနှုန်း(၃၇ ဒသမ ၆) ကျပ်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဓာတ်အားခပျမ်းမျှ တစ်ယူနစ်ရောင်းဈေးမှာ အသက်သာဆုံးနှင့် အနည်းဆုံးဖြစ်ပြီး ၎င်းနှုန်းထားနှင့် ရောင်းချရသဖြင့် တစ်နှစ်လျှင် ငွေကျပ်(၂၆၁ ဒသမ ၃၂၄) ဘီလီယံခန့်အရှုံးခံ၍ ဓာတ်အားရောင်းချနေရသည်ကို တွေ့ရှိနိုင်ပါကြောင်း။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအနေဖြင့် မြန်မာကျပ်ငွေ (၆၄ ဒသမ ၂၂) ဘီလီယံနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(၂၀၁ ဒသမ ၈၈၃)သန်း ခွင့်ပြုခဲ့ပါကြောင်း၊ သာမန်အသုံးစရိတ်အနေဖြင့် မြန်မာကျပ်ငွေ(၂၁၇ ဒသမ ၆၆၂) ဘီလီယံနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၃၆၉ ဒသမ ၀၁၁) သန်းခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ရရှိသောဝင်ငွေမှာ မြန်မာကျပ်ငွေ(၂၄၂ ဒသမ ၇၆၇) ဘီလီယံနှင့် အမေရိကန်ဒေါ်လာ(၂၀ ဒသမ ၀၂၃)သန်းသာဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ မြောက်မြားစွာရင်းနှီးမြှုပ်နှံရသဖြင့် နိုင်ငံတော်၏ရန်ပုံငွေမျှနှင့်လုံလောက်မှုမရှိသောကြောင့် ပြည်ပအကူအညီ အထောက်အပံ့များကိုလည်း ရရှိရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပချေးငွေအမေရိကန်ဒေါ်လာ (၅၉ ဒသမ ၆၄)သန်း ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ခဲ့သဖြင့် ယခုကာလအတွင်း ပြည်သူတို့ လျှပ်စစ်ဓာတ်အားကို လုံလောက်စွာအသုံးပြုနေနိုင်ခြင်းဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များအတွက်လည်း ချေးငွေအမေရိကန်ဒေါ်လာ(၉၂ ဒသမ ၅၉) သန်းဖြင့် တိုးချဲ့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ခန့်မှန်းတွက်ချက်မှုအရ(၁၀၀)မဂ္ဂါဝပ်ပမာဏရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်နှင့် ပို့လွှတ်ဖြန့်ဖြူးရန် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်းပေါင်း(၂၅၀)ခန့် အနည်းဆုံးလိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် (၅)နှစ်တာကာလအတွင်း ထပ်မံတိုးချဲ့ရမည့် ဓာတ်အားပမာဏ(၁၀၀၀)မဂ္ဂါဝပ်အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း (၂၅၀၀)ခန့် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါကြောင်း။

**လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရင်းအနှီးပမာဏ မြောက်မြားစွာလိုအပ်မည်ဖြစ်သောကြောင့် ရန်ပုံငွေခွဲဝေပေးနိုင်မှုနည်းပါက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ပေါ်ရန် အချိန်ကြာမြင့်မည်ဖြစ်ပါကြောင်း၊ မိမိတို့လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများသည် မိမိတို့ရရှိသောဝင်ငွေများဖြင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လုံလောက်မှုမရှိသည်သာမက နှစ်စဉ်ဘီလီယံပေါင်းမြောက်မြားစွာ အရှုံးခံဆောင်ရွက်နေရသဖြင့် မိမိတို့ရရှိသော လျှပ်စစ်ဓာတ်အားရောင်းချရသည့်ဝင်ငွေများသည် ဝန်ကြီးဌာနများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သင့်တင့်မျှတသောဝင်ငွေဖြစ်ရန် လိုအပ်ပါကြောင်း၊ လက်ရှိကောက်ခံနေသည့် ဓာတ်အားခနှုန်းထားသည် အလွန်နည်းပါးနေပါကြောင်း၊ ဓာတ်အားခနှုန်းထားများ ပြင်ဆင်သွားရန် လိုအပ်လာပြီဖြစ်သဖြင့် အစိုးရအဖွဲ့သို့ဆက်လက်တင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ဒေသများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးကို စေတနာထားသည့်အလျောက် နိုင်ငံတော်၏လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာထုတ်လုပ်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့အား လက်ရှိအခြေအနေတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ (၁၅၀)ကေဗွီအေ၊ စကိုဒါဒီဇယ် ဓာတ်အားပေးစက်(၁)လုံးနှင့် မက္ကာလာရင်(၆၈ ဒသမ ၇၅)ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် (၁)လုံးတို့ဖြင့် လစဉ်ဒီဇယ်ဆီ (၁၃၅၀)ဂါလန်အသုံးပြု၍ မီးသုံးသူ(၂၄၈)ဦးသို့ တစ်ရက်လျှင် (၃)နာရီခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

မိုင်းပျဉ်းမြို့အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် နိုင်ငံတော်က နမ့်ခ၊ ကျိုင်းတုံ၊ ဝမ်တာပင်း၊ ဆိုလူး၊ မိုင်း၀၊ ကျိုင်းရမ်း၊ ဟီလူး

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

(26-10)04.pmd 1 10/26/2011, 3:20 AM

❖ စာမျက်နှာ ၄ မှ

ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် ဆက်စပ်ပြီး ဒေသတွင်းဓာတ်အားကွန်ရက် စနစ်တစ်ခု တည်ဆောက်ကာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသတစ်ခုလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်သွားနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းစီမံကိန်းများအပြင် ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရန် စီမံကိန်းများချမှတ်ထားပါကြောင်း၊ ထို့ပြင်(၆၆)ကေဗွီဓာတ်အားလိုင်းများ၊ (၆၆) ကေဗွီဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးဓာတ်အားခွဲရုံများပါ တည်ဆောက်သွားရန် စီမံကိန်းများ ချမှတ်ထားပါကြောင်း။

**စီမံကိန်းများသည် အချိန်ကာလတစ်ခုယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ရာ လက်ရှိ မိုင်းပျဉ်းမြို့တွင် တိုးတက်လာသော လျှပ်စစ်ဓာတ်အားအသုံးပြုသူများကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း (၁၅၀)ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်အသစ်(၁)လုံး ဖြည့်ဆည်းကာ ဓာတ်အားပိုမိုထုတ်လုပ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပါကြောင်း**ဖြင့် ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၏ **မြို့အနီး ကျေးရွာများသို့ နိုင်ငံတော်၏ သင့်တင့်သောပံ့ပိုးမှုဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားအသုံးပြုခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှရရှိသည့် ရန်ပုံငွေအပေါ် မူတည်၍ အဓိကကျသည့် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများအား တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ဓာတ်အားရရှိပြီးဖြစ်သော မြို့အနီး ကျေးရွာများအား ဓာတ်အားဆက်သွယ်အသုံးပြုခွင့်ရရှိရေးအတွက် ဒေသအာဏာပိုင်တို့၏ ခွင့်ပြုထောက်ခံချက်ရရှိပြီး ပြည်သူလူထု၏ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းကာ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် လျှောက်ထားရမည် ဖြစ်ပါကြောင်း။

**ဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးများကို ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သောနည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု၌ လျှပ်စစ်မီးရရှိရေးအစီအစဉ်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မိုးနဲမြို့နယ် နားခံကျေးရွာအနီးမှ ဖြတ်သန်းသွားသော ကျိုင်းတောင်း ရေအားလျှပ်စစ်ကြိုးလိုင်းသည် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းဖြစ်ပြီး ယင်းကြိုးလိုင်းသည် ကျေးရွာအနီးဖြတ်သန်းသွားသော်လည်း ယင်းဓာတ်အားလိုင်းမှ ကျေးရွာသို့ တိုက်ရိုက်ဓာတ်အားပေး၍မရနိုင်ပါကြောင်း၊ ဓာတ်အားအသုံးပြုသူများ အသုံးပြုနိုင်သည့်(၁၁)ကေဗွီ၊ (၀ ဒသမ ၄) ကေဗွီဗို့အားအဆင့်များသို့ လျှော့ချပြီးမှသာ အသုံးပြုနိုင်ပါကြောင်း။

မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စုသည် မိုးနဲမြို့မှ(၇)မိုင်ကွာဝေးပြီး အိမ်ခြေ (၆၀၀)ခန့်ရှိပါကြောင်း၊ အဆိုပါကျေးရွာအုပ်စုကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် မိုးနဲမြို့ရှိ (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံမှ (၁၁)ကေဗွီဓာတ်အားလိုင်း(၇)မိုင်နှင့် ကျေးရွာအတွင်း (၁၁/၀ ဒသမ ၄) ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာ(၂)လုံးနှင့် ဗို့(၄၀၀)ဓာတ်အားလိုင်း(၂)မိုင်ခန့် တည်ဆောက် ဓာတ်အားပေးရမည် ဖြစ်ပါကြောင်း။

**ဝန်ကြီးဌာနအနေဖြင့် အဓိကလိုအပ်သောဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ဦးစားပေးတည်ဆောက်လျက်ရှိသဖြင့် နားခံကျေးရွာအုပ်စု လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဒေသအာဏာပိုင်၏ သဘောတူညီချက်ရှိပြီး ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းကာ မိုးနဲမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးရွာမီးလင်းရေးဆိုင်ရာ မူဘောင်သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကျေးရွာမီးလင်းရေးများကို ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သောနည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်၏ **ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အင်ငါးခွကျေးရွာသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းပိုင် လျှပ်စစ်လိုင်းမှ သွယ်တန်းခွင့်ပြုနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပေါက်ခေါင်းမြို့နယ် အင်ငါးခွကျေးရွာတွင် အိမ်ခြေ(၂၀၀)ကျော်အား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၃၃/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ပေါင်းတလည်ဓာတ်အားခွဲရုံ၏ (၁၁)ကေဗွီ ပေါက်ခေါင်းလိုင်းမှ (၁၁)ကေဗွီ ဓာတ်အားလိုင်းပေ(၅၀၀)နှင့် ကျေးရွာအတွင်း (၁၁/၀ ဒသမ ၄)ကေဗွီ (၁၀၀) ကေဗွီအေ ထရန်စဖော်မာနှင့် ဗို့(၄၀၀)ဓာတ်အားလိုင်းပေ (၃၀၀၀)ခန့် တည်ဆောက်ရမည် ဖြစ်ပါကြောင်း။

**အဆိုပါ ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဒေသအာဏာပိုင်တို့၏ ခွင့်ပြုထောက်ခံချက်ရရှိပြီး ပြည်သူလူထု၏ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကျေးရွာမီးလင်းရေးများကို ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သောနည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန်၏ **ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာနှင့် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာများတွင် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာရှိ အိမ်ခြေ(၁၁၆၁)လုံး ဓာတ်အားရရှိရန်အတွက် ကဝ မြို့နယ် ခဲမပြင်ကျေးရွာ (၁၁)ကေဗွီဓာတ်အားလိုင်းမှ ဆက်လက်၍(၁၁)ကေဗွီ ဓာတ်အားလိုင်း (၅ ဒသမ ၅) မိုင် ဆွဲသားခြင်း၊ (၁၁/၀ ဒသမ ၄)ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၂)လုံး တည်ဆောက်ခြင်းနှင့် ကျေးရွာအတွင်း ဗို့(၄၀၀)ဓာတ်အားလိုင်း(၃)မိုင်ခန့်တည်ဆောက်ရမည်ဖြစ်ပြီး အဆိုပါတည်ဆောက်ရေးလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေ (၂၉၇၅) သိန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သနပ်ပင်မြို့နယ် ကမာစဲကျေးရွာရှိ အိမ်ခြေ(၁၀၁၉)လုံးအား လက်ရှိတွင်(၅၀) ကီလိုဝပ် စပါးခွံ ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင်(၃)နာရီခန့် ဓာတ်အားပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ ကမာစဲကျေးရွာသို့ ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် သနပ်ပင်မြို့(၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံမှ(၁၁)ကေဗွီဓာတ်အားလိုင်း(၆)မိုင်ဆွဲခြင်း၊ (၁၁/၀ ဒသမ ၄)ကေဗွီ (၃၁၅)ကေဗွီ ထရန်စဖော်မာ (၁)လုံးတည်ဆောက်ခြင်းနှင့် ကျေးရွာအတွင်း ဗို့(၄၀၀)ဓာတ်အားလိုင်း (၂)မိုင်ခန့် တည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းအတွက်လည်း ကုန်ကျငွေ စုစုပေါင်းမှာ(၂၆၂၅)သိန်းခန့် ကုန်ကျနိုင်ပါကြောင်း။

နိုင်ငံတော်မှ နှစ်စဉ်ရရှိသောရန်ပုံငွေမှ ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်အားမရရှိသေးသောကျေးရွာများအား အချိန်တိုကာလအတွင်း ဓာတ်အားပေးနိုင်ရေးအတွက် ဆောင်ရွက်ရန် အခက်အခဲရှိသည်ကို နားလည်ပေးစေလိုပါကြောင်း၊ ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်၍ နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကျေးရွာမီးလင်းရေးများကို ထည့်သွင်းဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ **အဆိုပါကျေးရွာ(၂)ရွာအတွက် ဆောလျင်စွာလျှပ်စစ်ဓာတ်အားရရှိလိုပါက အခြားကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခဲ့ကြသည့် ကျေးရွာများနည်းတူ ဒေသအာဏာပိုင်များ သဘောတူညီချက်ရှိပြီး ပြည်သူလူထုမှ ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုးမီးလင်းရေး လျှောက်ထားရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လိုအပ်သောနည်းပညာများလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘောလခဲမြို့နယ်နှင့် ဖာဆောင်းမြို့နယ်များရှိ ကျေးရွာမီးလင်းရေးမူအရ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကျေးရွာများအား နိုင်ငံတော်က မီးလိုင်းများတိုးချဲ့သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကယားပြည်နယ်အတွင်း ဓာတ်အားစနစ်မှ ဓာတ်အားရရှိသော ကျေးရွာအရေအတွက်မှာ လွိုင်ကော်မြို့နယ်တွင်(၃၄)ရွာ၊ ဒီမောဆိုမြို့နယ်တွင်(၇)ရွာ၊ ဖရူဆိုမြို့နယ်တွင်(၃)ရွာ၊ ဘောလခဲမြို့နယ်တွင်(၁)ရွာ စုစုပေါင်း(၄၅)ရွာရှိပြီဖြစ်ပါကြောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ လွိုင်လင်လေးကျေးရွာတွင် ဓာတ်အားစနစ်မှဓာတ်အားရရှိရေးအတွက် မီးလင်းရေးကော်မတီဖွဲ့စည်းပြီး (၁၁/၀ ဒသမ ၄)ကေဗွီ ဓာတ်အားခွဲရုံ (၁)ခု၊ ဗို့(၄၀၀)လိုင်း ပေ(၈၀၀၀)တည်ဆောက်ပြီး ဖြစ်ပါကြောင်း၊ (၁၁)ကေဗွီဓာတ်အားလိုင်း (၁၀)မိုင်ခန့် ဆက်လက်တည်ဆောက်ရန်ကျန်ရှိပါကြောင်း၊ လွိုင်လင်လေးကျေးရွာ မီးလင်းပါက အနီးနားရှိထီးစခါးကျေးရွာသည်လည်း (၁၁)ကေဗွီဓာတ်အားလိုင်း အနီးကပ်တည်ဆောက်၍ ဓာတ်အားရယူနိုင်မည် ဖြစ်ပါကြောင်း။

လွိုင်ကော်-အောင်ပန်းလမ်းပေါ်ရှိ (၁၂)မိုင်ကွာဝေးသော ကုန်းသာကျေးရွာအုပ်စု(၆)ရွာတွင် ကုန်းသာ၊ ဝါဆောင်၊ သရက်ပင်နှင့် ဆောင်ကန်ကျေးရွာတို့သည် ပီကင်းကောခူရွာမှ(၄)မိုင်ခန့်သာ ကွာဝေးသည့်အတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွိုင်လင်လေး ကျေးရွာမှ(၉)မိုင်ခန့် အကွာရှိ တီးပုံကျေးရွာနှင့်အခြားကျေးရွာပေါင်း(၂၀)သည် မူလဓာတ်အားပေးမည့် လွိုင်ကော်မြို့(၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေမှ(၂၄)မိုင်ကွာဝေးရာ (၁၁)ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးနိုင်မှုမရှိဘဲ (၃၃)ကေဗွီဓာတ်အားလိုင်းနှင့်(၃၃) ကေဗွီဓာတ်အားခွဲရုံတည်ဆောက်မှသာ ဓာတ်အားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒေါပေါ်ကလဲကျေးရွာနှင့် ပတ်ဝန်းကျင် နိုကိုး၊ ဝါဆောင်၊ ထေးငှာလျားနှင့် ရွာပေါင်း(၂၀)ဓာတ်အားပေးနိုင်ရန်အတွက် မိုးဗြဲမြို့ရှိ (၃၃/၁၁)ကေဗွီ (၁၂၅၀)ကေဗွီအေ ထရန်စဖော်မာနေရာတွင် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ထရန်စဖော်မာတိုးမြှင့်တပ်ဆင်ခြင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ၎င်းဓာတ်အားခွဲရုံတိုးချဲ့တပ်ဆင်ပြီးပါက အဆိုပါရွာများသည် (၁၁)ကေဗွီဓာတ်အားလိုင်း (၉)မိုင်ခန့်ဆွဲပြီး ဓာတ်အားရယူနိုင်မည် ဖြစ်ပါကြောင်း။

**ဒီမောဆိုမြို့နယ် လွိုင်ကော်-တောင်ငူလမ်းဘေးတွင် မီးမလင်းသောကျေးရွာ (၆)ရွာအနက် လမ်းဘေး (၂)ရွာဖြစ်သည့် ထေးသူဖျာ၊ ညောင်ကုန်းရွာများသာ ဒေါခလိုက်ကျေးရွာမှ (၁၁)ကေဗွီလိုင်း (၁ ဒသမ ၅) မိုင်ဆွဲ၍ ဓာတ်အားရယူနိုင်ပြီး ကျန်(၄)ရွာသည် ဓာတ်အားလိုင်းနှင့် ဝေးကွာပါကြောင်း၊ နောင်ပုလဲကျေးရွာအုပ်စုတွင် (၆)ရွာရှိသည့်အနက် နောင်ပုလဲကျေးရွာတွင်ဓာတ်အားရရှိနေသည့်အတွက် ကျန်(၅)ရွာသည် ယင်းကျေးရွာမှ(၁၁)ကေဗွီ ဓာတ်အားလိုင်း(၅)မိုင် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်တူကျေးရွာအုပ်စု (၉)ရွာ၊ ထီပိုးကလိုကျေးရွာအုပ်စု(၈)ရွာ၊ ဒေါကလောဒူကျေးရွာအုပ်စု(၇)ရွာတို့သည် (၁၁)ကေဗွီဓာတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် (၃၃)ကေဗွီဓာတ်အားလိုင်းတည်ဆောက်မှသာ ဓာတ်အားရရှိနိုင်မည် ဖြစ်ပါကြောင်း၊ စံပြ(၆)မိုင်ကျေးရွာအုပ်စု(၆)ရွာအနက် ဝမ့်လထွားရွာနှင့် ဒေါပိုးစီကျေးရွာ (၂)ရွာသည် ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ဆဲဖြစ်ပြီး ကျန်(၂)ရွာသည် (၁၁)ကေဗွီဓာတ်အားလိုင်းအနီးရှိသည့်အတွက် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နိုင်ပါကြောင်း။**

ဖရူဆိုမြို့နယ်တွင် လွိုင်ကော်-မော်ချီးကားလမ်းဘေးရှိ ကျေးရွာ(၂၃)ရွာအား ဓာတ်အားပေးနိုင်ရန် ဖရူဆိုမြို့တွင် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေခွဲရုံ(၁)ခု တည်ဆောက်ရန်လျာထားပါကြောင်း၊ ထီပေါ်ဆို ကျေးရွာအုပ်စု၊ မြို့မကျေးရွာအုပ်စု၊ မိုဆိုကျေးရွာအုပ်စု၊ မာခရောရှည်ကျေးရွာအုပ်စု၊ တောခူကျေးရွာအုပ်စုတို့ရှိ ရွာပေါင်း (၂၃)ရွာသည် (၁၁)ကေဗွီဓာတ်အားလိုင်းများတည်ဆောက်၍ ဓာတ်အားရယူနိုင်မည် ဖြစ်ပါကြောင်း။

ဘောလခဲမြို့နယ်ရှိ ကျေးရွာများ ဓာတ်အားပေးနိုင်ရန်အတွက် ဘောလခဲမြို့တွင် (၃၃/၁၁) ကေဗွီ (၂)အမ်ဗွီအေဓာတ်အားခွဲရုံ(၁)ခု တည်ဆောက်ရန်လျာထားပါကြောင်း၊ အဆိုပါခွဲရုံတည်ဆောက်ပြီးပါက မိုင်ထမ်း၊ ဝမ်ချက်နှင့် ချိုကွဲ့ကျေးရွာအုပ်စုရှိ ကျေးရွာ(၃)ရွာသည်(၁၁)ကေဗွီလိုင်းတည်ဆောက်၍ ဓာတ်အားရယူနိုင်မည်ဖြစ်ပါကြောင်း။

ဖာဆောင်းမြို့နယ်ရှိကျေးရွာများ ဓာတ်အားပေးနိုင်ရန်အတွက် ဖာဆောင်းမြို့တွင် (၃၃/၁၁)ကေဗွီ (၂)အမ်ဗွီအေဓာတ်အားခွဲရုံ(၁)ခုတည်ဆောက်ရန်လျာထားပါကြောင်း၊ အဆိုပါခွဲရုံတည်ဆောက်ပြီးပါက ခဲမဖြူရွာ၊ ဝမ်အောင်းရွာ၊ ပါပုနှင့် နန့်ကစ်ကျေးရွာများသည် (၁၁)ကေဗွီလိုင်းတည်ဆောက်၍ ဓာတ်အားရယူနိုင်မည်ဖြစ်ပါကြောင်း။

**ကယားပြည်နယ်အတွင်းရှိ ဖော်ပြပါကျေးရွာများသည် လျှပ်စစ်ဓာတ်အားရယူရန် မီးလင်းပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သည့်ကျေးရွာများနည်းတူ ဒေသအာဏာပိုင်များ သဘောတူညီသည့် မီးလင်းရေးကော်မတီများဖွဲ့စည်းကာ လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၂)အုပ်စု၏ ကျေးလက်ဒေသမီးလင်းရေးကို ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းမှ ရွာပေါင်း(၁၂)ရွာအနက် (၃၃)ကေဗွီ မြောင်းတကာ-မှော်ဘီ ဓာတ်အားလိုင်းနှင့် ပေ(၅၀၀)သာကွာဝေးသော သာယာကုန်းကျေးရွာ၊ (၂)မိုင်စီကွာဝေးသော သဲခုံကျေးရွာနှင့် လိပ်ပုတ်ကျေးရွာတို့သို့ အကွာအဝေးအလိုက် (၃၃)ကေဗွီလိုင်းတည်ဆောက်ပြီး ကျောက်ပုန်းကျေးရွာအတွက် (၃၃/၀ ဒသမ ၄)ကေဗွီ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ကျန်(၃)ရွာအတွက် (၃၃/၀ ဒသမ ၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးစီ တပ်ဆင်တည်ဆောက်ပေးရမည် ဖြစ်ပါကြောင်း။

အလားတူ အင်းကန်ကျေးရွာ၊ နွားကုန်းကျေးရွာ၊ ညောင်ပင်ကုန်းကျေးရွာနှင့် လက်ပံတန်းကျေးရွာတို့သည်လည်း (၁၁)ကေဗွီ အုတ်စက်-မှော်ဘီဓာတ်အားလိုင်းမှ ပေ(၁၀၀)၊ ပေ(၂၀၀၀)၊ ပေ(၃၈၀၀)နှင့် (၂)မိုင်စီအသီးသီးကွာဝေးပါကြောင်း၊ အဆိုပါ အကွာအဝေးအရ (၁၁)ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီး လက်ပံတန်းစုကျေးရွာတွင် (၁၁/၀ ဒသမ၄)ကေဗွီ (၅၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ကျန်ရွာ(၃)ရွာတို့အတွက် (၁၁/၀ ဒသမ၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးစီလိုအပ်ပါကြောင်း၊ ညောင်နှစ်ပင်ကျေးရွာနှင့် ကြာကန်ကျေးရွာတို့အား ဓာတ်အားဖြန့်ဖြူးပေးရန် ရွာအနီးဖြတ်သန်းတည်ဆောက်ထားသည့် (၁၁)ကေဗွီ ကြက်ဖြူကန်-ညောင်နှစ်ပင် ဖုန်ဓာတ်အားလိုင်းမှ (၁၁/၀ ဒသမ ၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့်(၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးတို့ လိုအပ်ပါကြောင်း။

ဖူးကြီးရေတွန်းစက်ဓာတ်အားခွဲရုံမှ ပျော်ဘွယ်စုကျေးရွာသို့ ဓာတ်အားပေးထားသော (၆ ဒသမ ၆)ကေဗွီ ဓာတ်အားလိုင်းဖြတ်သန်းသည့် ဝါးပတောကျေးရွာတွင် (၆ ဒသမ ၆/၀ ဒသမ ၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ပျော်ဘွယ်စု ကျေးရွာတွင် (၆ ဒသမ ၆/၀ ဒသမ ၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တပ်ဆင်တည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ရွာအတွင်းလမ်းများတွင် ဗို့(၄၀၀)နှင့်(၂၃၀)ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ပြီးမှသာ နေအိမ်များသို့ ဓာတ်အားရောက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

**နှစ်စဉ်ခွင့်ပြုသော ရန်ပုံငွေအခြေအနေမှ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့် အစားထိုးတပ်ဆင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရသဖြင့် မြို့နယ်တစ်ခုတည်းမှ ကျေးရွာအမြောက်အမြားကို တစ်ပြိုင်တည်းမီးလင်းရေးဆောင်ရွက်ရန် အကန့်အသတ်ရှိပါကြောင်း၊ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ရန် လျှောက်ထားပြီးဖြစ်သော နွားကုန်းကျေးရွာ၊ ညောင်ပင်ကုန်းကျေးရွာ၊ ညောင်နှစ်ပင်ကျေးရွာမီးလင်းရေးလုပ်ငန်းများကို မူဘောင်သတ်မှတ်ချက်နှင့်ကိုက်ညီပါက အမြန်ဆုံးခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကျေးရွာမီးလင်းရေးများကို ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သောနည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အောက်တိုဘာ(၁၇)ရက်က အတည်ပြုခဲ့သည့် **နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ် ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့် နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်** အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြသည်။

ထိုသို့တင်ပြရာတွင် တင်ပြပါအဆို၏လုပ်ငန်းစဉ်သည် လွှတ်တော်အနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆို၏အကြောင်းအရာနှင့် ဆက်စပ်မှုရှိသည့် ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ပူးပေါင်းဆောင်ရွက်၍ သင့်တော်သော အစီရင်ခံစာတစ်စောင်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ(၃၀)ရက် နောက်ဆုံးထား ပြုစုတင်ပြရန်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာ(၁၉)ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်လွှတ်တော်ဥက္ကဋ္ဌဟောင်း Mr.Watanabe Hideo ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့လာရောက်တွေ့ဆုံခဲ့ပြီး မြန်မာ-ဂျပန်လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးပိုမိုတိုးတက်စေရေးအတွက် မြန်မာ-ဂျပန်လွှတ်တော်ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် အဆိုပြုခဲ့ရာ ယင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ မြန်မာ-ဂျပန်လွှတ်တော်ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်နှင့် အတွင်းရေးမှူးအဖြစ် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာတို့အား တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဒုတိယပုံမှန်အစည်းအဝေး(၄၁)ရက်မြောက်နေ့ကို မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး(၄၂)ရက်မြောက်နေ့ကို အောက်တိုဘာ(၂၇)ရက် နံနက် ၁၀ နာရီတွင်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ့သစ်တောသီတင်းပတ် အထိမ်းအမှတ် ပြကွဒိန်တွင် အသုံးပြုမည့် ဓာတ်ပုံများအတွက် ဂုဏ်ပြုချီးမြှင့်မည့် အလွတ်တန်းဓာတ်ပုံပညာရှင်များ၏ အမည်စာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၅**

သစ်တောဦးစီးဌာနက မြန်မာ့သစ်တောသီတင်းပတ် အထိမ်းအမှတ်အဖြစ် "သစ်တောကဏ္ဍဖွံ့ဖြိုးမှု သာယာလှပလူ့ဘောင်ဘဝ (Forests for People)" ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ကျင်းပခဲ့သည့် အလွတ်တန်းဓာတ်ပုံပြိုင်ပွဲတွင် ဆုမရရှိသော်လည်း အထိမ်းအမှတ် ပြကွဒိန်တွင် အသုံးပြုမည့် ဓာတ်ပုံများအတွက် ဂုဏ်ပြုချီးမြှင့်မည့် ဓာတ်ပုံပညာရှင်များ၏ အမည်စာရင်းမှာ ကျော်သူမင်း(မန္တလေး)၊ ဖရန်ကီထွန်းတင် (Frankie Tun Tin)၊ သီတာလှိုင် (ချယ်ရီလွင်ပြင်)၊ တေဇာလင်းမောင်၊ ဦးစိုးမင်း (အောင်သီဟ)၊ ပြည်စိုးထွန်း (ပန်းချီ)၊ ကော့သောင်း AMPS၊ မင်းဇာနည်ဇော်(အမရပူရ)တို့ ဖြစ်ကြသည်။

အဆိုပါ ပညာရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို သက်ဆိုင်ရာ သစ်တောဦးစီးဌာနများမှ တစ်ဆင့် ဓာတ်ပုံပညာရှင်များ၏ လိပ်စာအတိုင်း ဆက်သွယ်၍ ပေးပို့ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**[၁၃၇၃ ခုနှစ်၊ သီတင်းကျွတ် လကွယ်နေ့(ဉပုသ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | နမောနမော (သန်းမြတ်စိုးနှင့်အဖွဲ့) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၅ | ၇။ | မြူးမြူးကြွကြွယဉ်ကျေးမှုအကက |
| ၈း၂၀ | ၈။ | အဆိုပြိုင်ပွဲ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၀ | ၁၀။ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော် |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၄း၂၀ | ၃။ | တေးဂီတအစီအစဉ် |
| ၄း၃၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ) |
| ၄း၄၅ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၅၀ | ၆။ | သီချင်းကြီးပဒေသာ |
| ၄း၅၅ | ၇။ | "ငှက်တစ်သောင်း" |
| ၅း၀၅ | ၈။ | International Science News |
| ၅း၁၅ | ၉။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၅း၂၅ | ၁၀။ | ဆိုကြပျော်ရွှင်တေးသံစဉ် |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | မြန်မာ့ငွေလေ့ရိုးရာလက်ဝှေ့ |
| ၆း၃၅ | ၁၄။ | ရွှေရင်ခုန်သံ |
| ၇း၀၀ | ၁၅။ | ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၁) |
| ၇း၁၅ | ၁၆။ | ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ် တေးဂီတ ပူးပေါင်းဖျော်ဖြေ တင်ဆက်မှုအစီအစဉ် |
| ၇း၄၀ | ၁၇။ | ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၂) |
| ၈း၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | ပျော်ရွှင်ရင်ခုန်ပြကွက်စုံ |
| | ၂၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁)** |
| | ၂၃။ | **မြန်မာဗီဒီယိုဇာတ်လမ်း "နေရင်ခွင်ထဲက လရိပ်ပြာ" (မင်းမော်ကွန်း၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)** |
| | ၂၄။ | အစီအစဉ်ပြီး၏။ |

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက်(၄၀)မြောက်နေ့ ဆက်လက်ကျင်းပ

## မော်လမြိုင်ဆိပ်ကမ်း ဖွံ့ဖြိုးရန်အတွက် တန်ချိန် ၁၅၀၀ ခန့်ရှိ ကမ်းရိုးတန်းသွားသင်္ဘောများပြေးဆွဲရန် ညှိနှိုင်းနေ

## ဆေးဝါးထုတ်လုပ်ခွင့်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရမှသာ ထုတ်လုပ်ခွင့်ပြုနိုင်မည်

နေပြည်တော် အောက်တိုဘာ ၂၅

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက်(၄၀)မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက**“ဖလမ်းမြို့နယ် ဗားရိတ်တားအထက်တွင် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် (၄၀၀-၅၀၀) ထုတ်လုပ်နိုင်မည့် ရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးမြန်းရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ချင်းပြည်နယ်အတွင်း၌ ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ရေအားအရင်းအမြစ်များအနက် စက်တပ်ဆင်အား(၁၀၀)ကီလိုဝပ်မှ (၁)မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်မည့် ရေအားအရင်းအမြစ် (၁၀)ခု၊ စက်တပ်ဆင်အား(၁)မဂ္ဂါဝပ်မှ (၂)မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်မည့် ရေအားအရင်းအမြစ် (၂)ခုရှိပါကြောင်း။

စက်တပ်ဆင်အား(၁၀၀)ကီလိုဝပ်မှ (၁)မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်မည့် ရေအားအရင်းအမြစ် (၁၀)ခုအနက် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်ရှိ ဆောချောင်း (၃၂၀)ကီလိုဝပ်နှင့် ကွန်လောင်းချောင်း (၆၀၀) ကီလိုဝပ်၊ ဖလမ်းခရိုင် တီးတိန်မြို့နယ်ရှိ ကွဲလ္လိချောင်း (၁၀၀)ကီလိုဝပ်၊ ဖိုင်ဇာလ္လိချောင်း (၁၅၀)ကီလိုဝပ်နှင့် ဖလမ်းမြို့နယ်ရှိ လိုင်ဗား (၄၉၀)ကီလိုဝပ်တို့အား ပဏာမစူးစမ်းလေ့လာမှုများ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

စက်တပ်ဆင်အား (၁)မဂ္ဂါဝပ်မှ (၂)မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်မည့် ရေအားအရင်းအမြစ် (၂)ခုမှာ မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်ရှိ အညာကုတင် (၁ ဒသမ ၂)မဂ္ဂါဝပ်နှင့် မတူပီမြို့နယ်ရှိ ဘုံတလာ (၁ ဒသမ ၈)မဂ္ဂါဝပ်ဖြစ်၍ ပဏာမစူးစမ်းလေ့လာမှုများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

**အထက်ပါ ရေအားအရင်းအမြစ်များအနေဖြင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းများအဖြစ်သာ အကောင်အထည်ဖော်တည်ဆောက်၍ရရှိနိုင်ပြီး ဖလမ်းမြို့နယ် ဗားရိတ်တားအထက်၌ လျှပ်စစ်စွမ်းအား (၄၀၀-၅၀၀)မဂ္ဂါဝပ်ထုတ်ယူနိုင်မည့် ရေအားအရင်းအမြစ်များအတွက်မူ စူးစမ်းလေ့လာ ဆောင်ရွက်ထားရှိမှုမျိုး မရှိသေးပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ရေလှောင်တမံတစ်ခု တည်ဆောက်ရန်လည်း အစီအစဉ် မရှိသေးပါကြောင်းနှင့် ယင်းနေရာတွင် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ ဆက်လက်၍ စူးစမ်းလေ့လာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက **“စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာ၏ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှု အခြေအနေကို သိရှိလိုပါကြောင်း”**မေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်တွင် ယူရီးယားဓာတ်မြေဩဇာစက်ရုံ (၅)ရုံရှိပြီး စက်ရုံအားလုံးသည် ကုန်းတွင်းသဘာဝဓာတ်ငွေ့ဖြင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် စက်ရုံများဖြစ်ကြပါကြောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းချောင်းရွာအနီးတွင်တည်ရှိသည့် ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)မှာ စက်ပိုင်းဆိုင်ရာပြင်ဆင်မှုများ ပြုလုပ်နေ၍လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျော်စွာရွာအနီးတွင်တည်ရှိသည့် ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)မှာ ကုန်းတွင်းသဘာဝဓာတ်ငွေ့ လုံလောက်မှုမရှိ၍ လည်းကောင်း ယာယီရပ်ဆိုင်းထားရပါကြောင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ အများအပြားထွက်ရှိသော်လည်း စက်ရုံဒီဇိုင်းအရ အသုံးပြုနိုင်ခြင်းမရှိပါကြောင်း၊ ကျန်ရှိသည့် ဓာတ်မြေဩဇာစက်ရုံ (စလေ)မှ တစ်ရက်လျှင်ယူရီးယားတန်(၁၀၀)ခန့်၊ ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ) နှင့် ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်)တို့မှ တစ်ရက်လျှင်ယူရီးယားတန် (၅၀၀)စီကို ထုတ်လုပ်ပေးလျက်ရှိရာ စက်ရုံ (၃)ရုံမှ စုစုပေါင်း တစ်ရက်လျှင်ယူရီးယားတန်(၁၁၀၀)ခန့် ထွက်ရှိပါကြောင်း။

သို့ရာတွင် စက်ရုံများလည်ပတ်ရာ၌ လျှပ်စစ်ဓာတ်အားတည်ငြိမ်မှုမရှိခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းတို့ တွေ့ကြုံရသည့်အခါတွင် ထုတ်လုပ်မှုနည်းစဉ်ကို အစမှပြန်လည်စတင်ရသဖြင့် ပုံမှန်ထုတ်လုပ်မှုအနေအထားသို့ ပြန်လည်ရောက်ရှိရန် (၂)ရက်ခန့်အချိန်ရယူပါကြောင်း၊ ထို့ပြင် ပင်မဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ထားမှုမှာ အချိန်ကာလကြာမြင့်သဖြင့် ပိုက်လိုင်းဆွေးပေါက်မှုများ တွေ့ကြုံရသည့်အခါ ဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းပြုပြင်ရသည့်အခါများ၌လည်း စက်ရုံ၏စွမ်းအားရှိသလောက် လည်ပတ်ထုတ်လုပ်နိုင်ခြင်း မရှိပါကြောင်း။

ယခုနှစ်ဧပြီလမှ အောက်တိုဘာ(၂၃)ရက်အထိ ဓာတ်မြေဩဇာ (၇၈၆၃၇ ဒသမ ၃) မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ် စာရင်းပိတ်လက်ကျန်အပါအဝင် ထုတ်လုပ်ရရှိသောဓာတ်မြေဩဇာ စုစုပေါင်း (၇၈၈၈၃ ဒသမ ၈)မက်ထရစ်တန်ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာကို ယခင်က ပြည်နယ်/တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ယခုအခါ တောင်သူလယ်သမားများထံသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များမှတစ်ဆင့် လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းအောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများမှ တစ်ဆင့်လည်းကောင်း၊ တိုက်ရိုက်လည်းကောင်း လက်ငင်းငွေချေစနစ်၊ (၆)လဆိုင်း အကြွေးစနစ်တို့ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်တွင် မြေဩဇာဥပဒေ (Fertilizer Law)ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၇/၂၀၀၂)ဖြင့် ၂၀၀၂ ခုနှစ် အောက်တိုဘာ (၁)ရက်တွင် ပြဋ္ဌာန်းထားပြီး ယင်းဥပဒေ အခန်း(၆) ပုဒ်မ ၁၃ ပုဒ်မခွဲ (က)အရ မြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လျှောက်ထားရပါကြောင်း၊ **ပုဒ်မ(၁၆)တွင် လုပ်ငန်းလိုင်စင်ရရှိသူသည် မြေဩဇာ ထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့်ပစ္စည်းပေါ်တွင် အမှတ်တံဆိပ်၊ မြေဩဇာ၏ အသားတင်အလေးချိန်၊ အရည်အသွေးအာမခံချက်၊ မြေဩဇာတွင် ပါဝင်သော အာဟာရရာခိုင်နှုန်း၊ ပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့် အချိုးအစား၊ သုံးစွဲရန်အညွှန်းစာများ ပါရှိရမည်ဖြစ်ပါကြောင်း၊ ပုဒ်မ(၁၇)တွင် လုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ (၁၆)ပါအချက်များ ဖော်ပြထားသော မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ယူရီးယားဓာတ်မြေဩဇာများမခဲစေရန် အတွင်းပလတ်စတစ်အိတ် ထည့်သွင်းအသုံးပြုလျက်ရှိပါကြောင်းနှင့် အမှတ်တံဆိပ်၊ အသားတင်အလေးချိန်၊ နိုက်ထရိုဂျင်ပါဝင်မှု ရာခိုင်နှုန်းများ ထည့်သွင်းဖော်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက **“မွန်ပြည်နယ်တွင် ပင်လယ်ကူးသင်္ဘောဆိပ်တစ်နေရာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က မွန်ပြည်နယ်မြို့တော်ဖြစ်သည့် မော်လမြိုင်မြို့တွင် ယခင်က နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်ပြီး ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုစဉ်က သင်္ဘောများမှာ ယခုခေတ်သင်္ဘောများနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်ပြီး ကမ်းရိုးတန်းသွား သင်္ဘောများသာဖြစ်ပါကြောင်း၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ သင်္ဘောများသည်လည်း ယခင်က ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း အသွား/အပြန်ခရီးစဉ်ကို ပြေးဆွဲပေးခဲ့ပြီး လွန်ခဲ့သည့် (၁၀)နှစ်ခန့်ကသာ မော်လမြိုင်ဆိပ်ကမ်းကို မဆိုက်ကပ်တော့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ မပြေးဆွဲရခြင်းမှာ မော်လမြိုင်ဆိပ်ကမ်းမှ ကုန်တင်ပို့မှု (Trade Volume)နည်းပါးသွားရခြင်းကြောင့် ဖြစ်ပါကြောင်း၊ ထို့အပြင် ဆိပ်ကမ်းသို့ဝင်ရောက်ရာ ရေလမ်းကြောင်းမှာလည်း ရေတိမ်လာ၍ ရေကြောင်းလမ်းပြ



အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမြင့်ဇော် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဖြင့်သာ သင်္ဘောများ ဝင် ထွက်၍ရပါကြောင်း၊ ယခုအခါ မော်လမြိုင်ဆိပ်ကမ်းတွင် ဆိပ်ခံတံတား (၉)ခုရှိပြီး ကွန်ကရစ်တံတား (၂)ခုနှင့် ဗောတံတား(၇)ခုဖြစ်ပါကြောင်း၊ ကွန်ကရစ်တံတားများတွင် နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်နိုင်ပြီး ဗောတံတားများတွင် မြစ်တွင်းသွားသင်္ဘောများ ဆိုက်ကပ်နိုင်ပါကြောင်း၊ သို့ဖြစ်၍ မော်လမြိုင်ဆိပ်ကမ်းမှာ ကောင်းမွန်ပြီးဖြစ်သည့်အတွက် ပြုပြင်ရန်မလိုအပ်ပါကြောင်း၊ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှသာ ဆိပ်ကမ်းဖွံ့ဖြိုးမည်မဟုတ်ဘဲ အဓိကမှာ ထုတ်ကုန်သွင်းကုန်များပြားပြီး ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှသာ ဆိပ်ကမ်းဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ယင်းဆိပ်ကမ်း၌ တန်ချိန်(၁၅၀၀) ခန့်ရှိသည့် ကမ်းရိုးတန်းသွားသင်္ဘောများ ဆိုက်ကပ်နိုင်ပါကြောင်း။

**မြန်မာနိုင်ငံတွင် အရွယ်အစားကြီးမားသည့် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန်အတွက် ထားဝယ်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ တန်ချိန်များသည့် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ပါကြောင်း၊ ထုတ်ကုန် သွင်းကုန်များပြားမှု၊ စီးပွားရေးတွက်ခြေကိုက်မှုရှိမှသာ ဆိပ်ကမ်းဖွံ့ဖြိုးနိုင်သည်ဖြစ်ရာ မော်လမြိုင်ဆိပ်ကမ်း ဖွံ့ဖြိုးရန်အတွက် မလေးရှားနိုင်ငံ ပီနန်နှင့် ကွာလာလမ်ပူဆိပ်ကမ်းများသို့ သွားရောက်နိုင်သည့် တန်ချိန်(၁၅၀၀)ခန့်ရှိ ကမ်းရိုးတန်းသွားသင်္ဘောများ စီစဉ်ပြေးဆွဲရန် မိမိဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက **“ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသော ၃-၄-၁၉၉၉ ရက်စွဲပါ စာအမှတ် ၄၀၅-၃-၂/နယက အား ပယ်ဖျက်ပေးရန်”**မေးခွန်းနှင့် စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေနှင့် နည်းဥပဒေများ၊ အနောက်တိုင်းဆေးဝါးစက်ရုံ တည်ဆောက်ရန် လိုအပ်သည့် စည်းကမ်းချက်များနှင့်အညီ စံချိန်စံညွှန်းမီဆေးဝါးများကို ထုတ်လုပ်မည်ဆိုပါက အနောက်တိုင်းဆေးဝါး ထုတ်လုပ်ခွင့်ပေးမည်ဖြစ်ကြောင်းကို ၂၇-၉-၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့တွင် ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အနောက်တိုင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းအချို့ မမှန်မကန် ပြုလုပ်သည်ကို စစ်ဆေးတွေ့ရှိရခြင်းကြောင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို အဓိက စက်မှုလုပ်ငန်းအဖြစ်သတ်မှတ်ပြီး ကန့်သတ်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ နောက်ပိုင်းတွင်လည်း တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်အချို့သည် အနောက်တိုင်းဆေးဝါးများကို တိုင်းရင်းဆေးများတွင် ရောနှောထည့်သွင်းထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပမှ အနောက်တိုင်းဆေးဝါးများကို တရားမဝင် Bulk အလိုက်တင်သွင်း၍ GMP စနစ်နှင့် မကိုက်ညီသောနေရာများတွင် ထုပ်ပိုးရောင်းချခြင်းများ စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း။

ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်သည်လည်း ထိုအချိန်အခါက ဖြစ်ပေါ်နေသည့် အခြေအနေအပေါ် လေ့လာသုံးသပ်ပြီး ထုတ်ပြန်ထားခြင်းဖြစ်ရာ အဆိုပါ ညွှန်ကြားချက်များကို ပြင်ဆင်ပယ်ဖျက်မည်ဆိုပါက လက်ရှိအခြေအနေနှင့် ချိန်ထိုး၍ လေ့လာသုံးသပ်ပြီး အချိန်ကာလတစ်ခုကို စောင့်ဆိုင်းပြီးမှသာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ဆေးဝါးထုတ်လုပ်ခွင့်နှင့်ပတ်သက်၍ ဆေးဝါးအားသုံးစွဲသည့် ပြည်သူများ၏ အသက်အန္တရာယ်နှင့် တိုက်ရိုက်ဆက်စပ်နေသော ထုတ်လုပ်မှုလုပ်ငန်းဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိမှသာ ထုတ်လုပ်ခွင့်ပြုနိုင်မည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်တို့က ဒီမိုကရေစီနှင့် စည်းကမ်းသည် ယှဉ်တွဲနေရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်မှာ (၁)နှစ်ပင်မပြည့်သေးကြောင်း၊ ထို့အတူ ပြည်နယ်အချို့တွင်လည်း ဒေသငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ငြိမ်းချမ်းရေးရရှိမှသာ ယင်းဥပဒေကို ပြဋ္ဌာန်းသင့်ပါကြောင်း၊ ဥပဒေကို လက်တွေ့ကျင့်သုံးသည့်အခါ ပျော့ကွက်ဟာကွက်များ ရှိနိုင်သည်ကို စဉ်းစားရမည်ဖြစ်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့နယ်ပယ်တွင် တစ်နည်းနည်းဖြင့် ကျော်လွှန်လာမည်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးကြပြီး ဥပဒေကြမ်းပါ အခန်း၊ အပိုဒ်နှင့် အပိုဒ်ခွဲများ၌ ထပ်မံဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်၊ ထည့်သွင်းသင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာလှသိန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီတို့က ဥပဒေကြမ်းပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ကို ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများ သင်ကြားပေးရာ၌ ပိုးသတ်ဆေးဆိုင်ရာ ဗဟုသုတများကိုပါ ထည့်သွင်းသင့်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ရေထု၊ မြေထုနှင့် လေထုညစ်ညမ်းမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများရှိခဲ့သော်လည်း လိုက်နာဆောင်ရွက်မှု အားနည်းခဲ့သည်ကို သိရှိရပါကြောင်း၊



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်းမေးမြန်းစဉ်။ (သတင်းစဉ်)

ယခုရှင်းလင်းတင်ပြသည့် ဥပဒေမူကြမ်းနှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်များကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြပြီး ဥပဒေကြမ်းပါ အခန်း၊ အပိုဒ်နှင့် အပိုဒ်ခွဲများ၌ ထပ်မံဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်၊ ထည့်သွင်းသင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမန်းအောင်တင်မြင့်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက်(၄၀)မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင်ရပ်နားပြီး (၄၁)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ (၂၇)ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း(၄)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခုကို တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## ဒီပါဝလီနေ့တွင် လော်ကားဥယျာဉ် ညနေ ၆ နာရီအထိ ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး အောက်တိုဘာ ၂၆ ရက် (ဒီပါဝလီနေ့)တွင် ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ထပ်မံမြှင့်တင်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ခေတ်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာသော တူရိယာများနှင့် မြန်မာ့ဂီတ၊ မြန်မာ့အကများကို ပေါင်းစပ်တီထွင်ကြပြီး မြန်မာ့ဂီတနှင့် အကများကို နိုင်ငံတကာသို့ ထိုးဖောက်နေရာယူနိုင်သည်အထိ အနုပညာရှင်ကြီးများ ကြိုးစားဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယင်းသည် ကာလရှည်စွာ အရင်းအမြစ်တွယ်ခဲ့သော မြန်မာ့အနုပညာကို ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဝေစည်လာသည့် မြန်မာ့အနုပညာရပ်များသည် တိုင်းရင်းသားများနှင့် စုစည်းတည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ပုံရိပ်ဖြစ်ပါကြောင်း၊ ယင်းပုံရိပ်ကောက်ကြောင်းသည် နောင်သားစဉ်မြေးဆက်အထိ ပြောထုံးဖြစ်နေအောင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ဝိုင်းဝန်းဖော်ဆောင်ပေးကြရန် လိုအပ်ပါကြောင်း။

မြန်မာတိုင်းရင်းသားအနုပညာရှင်များ ကိုယ့်မြေ၊ ကိုယ့်ရေနှင့် ကိုယ့်သဘာဝအလျောက် ရှိနေပြီးဖြစ်သည့် မြန်မာ့အနုပညာရပ်များကို ထိန်းသိမ်းနေခဲ့ကြသကဲ့သို့ ခေတ်ကာလအလျောက် ဖြတ်သန်းစီးဆင်းလာသည့် သမိုင်းရေစီးတစ်လျှောက်တွင်လည်း အမျိုးသားရေးအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုး၊ ဘာသာသာသနာအကျိုးတို့ကို မြန်မာ့ဂီတ၊ မြန်မာ့သုခုမပညာရပ်များနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ တိုင်းပြည်တည်ဆောက်ရေးကာလတွင်လည်း နိုင်ငံအကျိုးသယ်ပိုးခဲ့ကြပါကြောင်း၊ ယင်းအစဉ်အလာအတိုင်း ယနေ့(၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအကျိုးသယ်ပိုးရာတွင် ပါဝင်လာကြရန် လိုအပ်ပါကြောင်း၊ ယဉ်ကျေးမှုမျက်နှာစာမှ ပြည်သူနှင့်နိုင်ငံတော်အကျိုး ထမ်းရွက်နေကြခြင်းသည်လည်း အစဉ်အလာကြီးမားသည့် မြန်မာ့သမိုင်းကို စိုက်ထူနေကြခြင်း ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့်ပြိုင်ပွဲကြီးသည် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပေးဝေသော ပွဲကြီးပင်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်တို့၏ ရင်တွင် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာတိုင်းရင်းသားတို့၏ ဓလေ့များသည် မှတ်မှတ်ထင်ထင် စွဲဝင်သွားကြပြီဖြစ်ပါကြောင်း။

ယနေ့အချိန်သည် မျိုးဆက်သစ်များ၏ စွမ်းအားကိုရယူပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း စည်ပင်ဖွံ့ဖြိုးအောင် ကျင့်ဝတ်၊ စည်းကမ်းများလိုက်နာတတ်အောင်၊ မြန်မာ့ဘဝ၊ မြန်မာ့အလှနှင့် မြန်မာ့ရနံ့များ နားလည်ခံစားတတ်အောင် ဖော်ဆောင်ပေးနေချိန် ဖြစ်ပါကြောင်း၊ ယင်းအချိန်အခါတွင် မိမိတို့၏ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ဂရုမထားနိုင်ကြဘဲ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်ရောစိတ်ပါနှစ်မြှုပ်ပြီး ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သမ္မာရင့်ဝါရင့် အနုပညာရှင်ကြီးများအား ကျေးဇူးတင်ဂုဏ်ပြုချီးမြှင့်ပါကြောင်း။

အနုပညာရှင်ကြီးများကလည်း မိမိတို့၏ ကျန်းမာရေးကို ဂရုစိုက်စောင့်ရှောက်ရင်း မြန်မာ့သုခုမပညာရပ်များကို ဆက်လက်ထိန်းသိမ်းပေးကြပါ။ မျိုးဆက်သစ်များကို အနုပညာအမွေပေးဝေပေးကြပါ။ နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို မြန်မာ့သုခုမပညာရပ်များနှင့် သယ်ပိုးပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အကဲဖြတ်ပညာရှင်များဖြစ်ကြသော အဆိုအကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အကအကဲဖြတ်ပညာရှင်များကိုယ်စား အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင်ကိုယ်စား ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်ပညာရှင်များကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်ပညာရှင်များကိုယ်စား အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိန်းတို့အား လည်းကောင်း၊ အခမ်းအနားမှူးများကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးကျော်သက်လင်းအား လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အုပ်ချုပ်သူများကိုယ်စား ဒေါ်ကေထွဲဘူအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များကိုယ်စား အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စန္ဒရား ဦးရည်နွယ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ဖြင့် တင်ဆက်ရာ အကပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များက နှစ်ပါးသွားအကပဒေသာဖြင့် လည်းကောင်း၊ အနုပညာရှင်များက ဂီတလုလင် ဦးကိုကို ရေးစပ်သီကုံးသော ပြန်လည်ဆုံစည်းကြမယ် တေးသီချင်းကို အဆို၊ အကများဖြင့် လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်များနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

## (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် လူဦးရေ၊ ပြိုင်ပွဲဝင်အရေအတွက်နှင့် (ရွှေ၊ ငွေ၊ ကြေး) ဆုရရှိမှုဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြိုင်ပွဲဝင် လူဦးရေ | ပြိုင်ပွဲဝင် အရေအတွက် | ရွှေ | ငွေ | ကြေး | အထူးဆု | နှစ်သိမ့် | ဂုဏ်ပြု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန် | ၄၂၀ | ၆၄၇ | ၈၁ | ၆၄ | ၆၄ | - | ၄ | - | ၂၁၃ |
| ၂။ | မန္တလေး | ၃၇၈ | ၅၀၇ | ၃၅ | ၄၃ | ၃၈ | - | ၄ | - | ၁၂၀ |
| ၃။ | စစ်ကိုင်း | ၁၇၇ | ၂၄၁ | ၁၆ | ၁၂ | ၁၄ | - | - | ၁ | ၄၃ |
| ၄။ | ပဲခူး | ၁၁၁ | ၁၄၅ | ၁၀ | ၈ | ၄ | - | - | - | ၂၂ |
| ၅။ | ဧရာဝတီ | ၁၂၇ | ၂၀၀ | ၈ | ၇ | ၁၃ | ၁ | ၂ | - | ၃၁ |
| ၆။ | ကချင် | ၇၅ | ၈၅ | ၄ | ၈ | ၈ | - | - | ၁ | ၂၁ |
| ၇။ | မွန် | ၈၃ | ၁၁၂ | ၃ | ၇ | ၄ | - | - | - | ၁၄ |
| ၈။ | ရှမ်း | ၅၁ | ၆၁ | ၃ | ၂ | ၂ | - | ၁ | ၃ | ၁၁ |
| ၉။ | ကရင် | ၆၆ | ၇၇ | ၃ | ၂ | ၂ | - | ၁ | ၁ | ၉ |
| ၁၀။ | မကွေး | ၁၀၆ | ၁၂၉ | ၂ | ၇ | ၄ | - | - | - | ၁၃ |
| ၁၁။ | ရခိုင် | ၄၅ | ၅၅ | ၂ | ၄ | ၄ | - | - | - | ၁၀ |
| ၁၂။ | ချင်း | ၃၁ | ၃၇ | ၂ | ၁ | ၃ | - | ၁ | ၂ | ၉ |
| ၁၃။ | တနင်္သာရီ | ၃၃ | ၄၉ | ၁ | ၆ | ၃ | - | - | ၁ | ၁၁ |
| ၁၄။ | ကယား | ၂၉ | ၃၁ | ၁ | - | - | - | ၂ | ၄ | ၇ |
| | စုစုပေါင်း | ၁၇၃၂ | ၂၃၇၆ | ၁၇၁ | ၁၇၁ | ၁၆၃ | ၁ | ၁၅ | ၁၃ | ၅၃၄ |

## အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) (၁၅)ကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

အင်းစိန် စက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်ခမ်းမ (ဗွာရုံ)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး(၈၂) ဖုန်း-၀၉-၅၁၂၆၆၆၅၊ ဦးခင်မောင်မြင့် (၇၉) ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးတင်မောင်လွင် (၈၃) ဖုန်း-၀၉-၅၀၅၀၄၉၃၊ ဦးလှသိန်း(၈၀) ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးမြဦး (၇၉) ဖုန်း-၀၉-၅၀၃၁၅၃၈၊ ဦးအေးနိုင်(၇၄) ဖုန်း-၀၉-၅၀၆၀၈၉၇၊ ဦးအောင်အောင်ဝင်း (၉၆) ဖုန်း-၀၉-၅၀၃၃၅၀၃၊ ဦးတိုးဝင်း (၉၅) ဖုန်း-၀၉-၅၁၀၃၇၂၂ နှင့် ဒေါ်ခင်ဝင်းကြည်(၂၀၀၀) ဖုန်း-၀၉-၇၃၁၀၀၈၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ Daewoo Shipbuilding & Marine Engineering Co., Ltd. President Mr. Jong Koo Kim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## နှစ်နိုင်ငံဆိုင်ကမ်းဖွံ့ဖြိုးရေးနှင့် သင်္ဘောကျင်းဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ Daewoo Shipbuilding & Marine Engineering Co., Ltd. President Mr. Jong Koo Kim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆိပ်ကမ်းဖွံ့ဖြိုးရေးနှင့် သင်္ဘောကျင်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ICT Research and ICT for Development ဆွေးနွေးပွဲကျင်းပ



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများ၏ 6th SEACOOP Cooperation Forum on ''ICT Research and ICT for Development'' ဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၅

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများ၏ 6th SEACOOP Cooperation Forum on '' ICT Research and ICT for Development'' ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ထိုင်းနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂမှ Mr. Mads Korn နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ သိပ္ပံနှင့် နည်းပညာဌာနမှူး Mr. Alexander Lim တို့က အမှာစကားပြောကြားကြသည်။**

ယင်းနောက် SEACOOP Coordinator နှင့် Sigma Orionis ၏ CEO Mr. Roger Torrenti က မိတ်ဆက်စကားပြောကြားပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာသိန်း၊ ကမ္ဘောဒီးယားနိုင်ငံ NiDA မှ Government Officer Mr. Heng Sokun၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Director General Mr. Phonpasit Phisammay နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ NCSTP မှ Director of Secretariat Mr. Tran Ngoc Ca တို့က ICT သုတေသနလုပ်ငန်းနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး ကွန်ပျူတာတက္ကသိုလ်၊ အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများမှ ICT ပညာရပ်ဆိုင်ရာ သုတေသနပညာရှင်များနှင့် တာဝန်ရှိသူများက ICT နည်းပညာရပ် ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

## ပဲခူးတိုင်းဒေသကြီး၌ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း သရုပ်ပြယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးပိုက်ကျော်ခြင်းအသင်းသည် ပဲခူးတိုင်းဒေသကြီး အားကစားခန်းမ၌ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးလက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေးယှဉ်ပြိုင်ကစားပြီး မြန်မာ့လက်ရွေးစင် အမျိုးသားပိုက်ကျော်ခြင်းအသင်းက သရုပ်ပြကစားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးပိုက်ကျော်ခြင်းအသင်းတွင် ပဲခူးတိုင်းဒေသကြီးမှ ဆုသဥ္ဇာနိုင် (ရေတာရှည်)၊ ကြူကြူသင်း (ရွှေတောင်)နှင့် ခင်နုနုဖြိုး (ရွှေတောင်) တို့ ရွေးချယ်ခံရကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ထန်းတောဗောဓိ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲအလှူငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ထန်းတောဗောဓိ အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၄၊ ၂၅ ရက်တို့တွင် ကျင်းပမည့် ထန်းတောဗောဓိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအတွက် လှူဒါန်းငွေများကို ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဦးဘုန်းတင်၊ ဒေါက်တာမြင့်သိန်းတို့က ပေးအပ်လှူဒါန်းရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)က လက်ခံပြီး လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) ဖုန်း-၀၉-၆၈၁၉၀၁၅၊ ဒေါ်ခင်ပြုံးရီ ဖုန်း-၀၉-၆၈၁၉၂၉၀၊ ဒေါ်သင်းသင်းကြူ ဖုန်း-၀၉-၂၁၀၁၀၂၉၊ ဦးသန်းနိုင် ဖုန်း-၀၇၁-၂၉၀၅၃၊ ဒေါ်ဝင်းဌေး ဖုန်း-၀၆၇-၄၀၁၅၇၈၊ ဦးသန်းဝင်း ဖုန်း-၀၇၄-၈၈၈၁၁ နှင့် ဦးရွှေမောင်း ဖုန်း-၀၉-၆၅၃၈၈၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❐ စာမျက်နှာ ၉ မှ

အကပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မဝင်းရတနာကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မစိုပြေမိုး၊ တတိယဆုရ မွန်ပြည်နယ်မှ မသဇင်ထက်နှင့် နှစ်သိမ့်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မအေးမြဖြူတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝါသနာရှင်အဆင့်(ပထမတန်း) မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဇာတ်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုဇာတ်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်အဖွဲ့၊ သုဒ္ဓေါဒန ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးနေလင်းထက်၊ မယ်တော်မာယာထူးချွန်ဆုရ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်နန်းခင်မွှေး၊ ဗက အမတ်ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင်းနိုင်၊ သုဗ္ဗဗုဒ္ဓထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းထွန်းဦး၊ နှစ်ပါးသွား ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးနေလင်းထက်၊ ဒေါ်စန်းနီလာဝင်းနှင့် ဒေါ်သူဇာလင်း၊ ဇာတ်ပို့ဆိုင်း ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ စိန်လှငွေ၊ ဒါရိုက်တာထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဉာဏ်ဝင်းဦး၊ ဇာတ်ညွှန်းထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်ငွေဇော်၊ ရုပ်စုံသဘင်ပြိုင်ပွဲ(နေမိဇာတ်)တွင် ဝါသနာရှင်အဆင့်(ပထမတန်း)ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံ အမြင့်သဘင်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖေယျာသီရိ ရုပ်စုံသဘင်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မန်းသင်္ဂါရုပ်စုံသဘင်အဖွဲ့၊ ကြိုးဆွဲထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံ အမြင့်သဘင်အဖွဲ့၊ ဆို ဝိုပြော ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖေယျာသီရိရုပ်စုံသဘင်အဖွဲ့၊ ဆိုင်းထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံ အမြင့်သဘင်အဖွဲ့၊ ဇာတ်ညွှန်းထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တောင်စွန်းအောင်တိုး၊ ရုပ်သေး(မင်းသား မင်းသမီး) ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဉာဏ်လင်းအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဖေယျာအောင်၊ တတိယဆုရ မကွေးတိုင်းဒေသကြီးမှ ဦးလမင်းအောင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မစုဦးထက်၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီးမှ ဒေါ်မြင့်မြင့်ထွေး၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မနန်းအေးအေးမူ၊ ပြဇာတ်(လူငယ့်စွမ်းအား) ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပြဇာတ်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုပြဇာတ်အဖွဲ့၊ ပူးတွဲတတိယဆုရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြဇာတ်အဖွဲ့နှင့် ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့၊ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးလှိုင်ဘွားအောင် (ခ) ရဲထွဋ်၊ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ကောင်းကင်ချို(ခ) မအေးခင်၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးညမွှေး(ခ) ဦးဒေဝ၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ ထူးချွန်ဆုရ ကချင်ပြည်နယ်မှ ဒေါ်စိန်စိန်မြင့်(ခ) အနူး၊ ပုံ့ပိုးဆိုင်း ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ရန်ကုန်သက်ဝေ၊ ဒါရိုက်တာထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးလှိုင်ဘွားအောင်၊ ဇာတ်ညွှန်းထူးချွန်ဆုရ ကချင်ပြည်နယ်မှ ပေါက်ကျိုင်း၊ ကွက်စိပ် (ဗုဒ္ဓဝင်တောထွက်ခန်း) ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးရွှေမန်းသော်တာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသန်းထွန်း၊ တတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးအေဝမ်းမင်းဇော်၊ ကွက်စိပ်ပံ့ပိုးဆိုင်း ဝါသနာရှင်အဆင့် (ပထမတန်း) ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟိန်းရာဇာနှင့်အဖွဲ့၊ ကွက်စိပ်ဇာတ်ညွှန်း ဝါသနာရှင်အဆင့် (ပထမတန်း) ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တောင်စွန်းအောင်တိုး၊ ကွက်စိပ်(ကုသဇာတ်) ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မန်းတက္ကသိုလ်ဆန်းဦး၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ ဦးအောင်ကြည်စိုး၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရန်အောင်၊ ကွက်စိပ် ပံ့ပိုးဆိုင်းဝါသနာရှင်အဆင့် (ဒုတိယတန်း) ထူးချွန်ဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးရှိုင်းဗိုလ်နှင့် အဖွဲ့၊ ကွက်စိပ်ဇာတ်ညွှန်း ဝါသနာရှင်အဆင့် (ဒုတိယတန်း) ထူးချွန်ဆုရ ကချင်ပြည်နယ်မှ ပြည်နယ်အောင်ဇေတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးက ပြန်လည်ကပြဖျော်ဖြေသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အရေးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း) ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တက္ကသိုလ်ဆန်နီ(ခ) မိုက်ကယ်စိန်အောင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကျော်လင်း(ခ) ဦးသောင်းနှင့် တတိယဆုရ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးထွန်းသန်း(ခ) ဦးသိန်းတန်၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးမြင့်ဆွေ၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြတ်ဝေတိုးနှင့် ဂုဏ်ပြုဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျန်ကပ်၊ အဆင့်မြင့်ပညာအဆင့် ပထမဆုရ ချင်းပြည်နယ်မှ မောင်မြင့်ဇော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်နှင့် ပူးတွဲတတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝေဖြိုးအောင်နှင့် မွန်ပြည်နယ်မှ မမြတ်ပွင့်ယမုံတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် အရေးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦး၏ တေးသီချင်းဖြင့် ပြန်လည် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားစောင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဦးဝေဖြိုးနိုင်၊ ဒုတိယဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဦးဟန်စိုးနှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်သော်ဇင်ဝင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားစောင်းပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်ကံဦးအောင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်းနှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးကြည်သာဗိုလ်၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားစောင်းပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်နိုင်စိုး၊ ဒုတိယဆုရ တနင်္သာရီတိုင်းဒေသကြီးမှ မောင်သီဟကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်လွင်အောင်ထွန်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားစောင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဉာဏ်လင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသား စောင်းပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ မောင်ကျော်ဝဏ္ဏမျိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝိုင်းလမင်းအောင်နှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်အောင်၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသား စောင်းပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ရဲထက်ကျော်နှင့် ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲထက်အောင်၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးစောင်းပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်တင်နီလာဝင်း၊ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီးစောင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခင်အေးမွန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်တင်တင်ငွေးနှင့် တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မမြင့်မြင့်သွယ်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စောင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မမို့မို့စံ၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မအေးစုကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မရွှေမိမိအောင်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီး စောင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မလင်းလင်းစိုး၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီး စောင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းပိုးအိမ်၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မချယ်ရီလင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်ထက်ထက်လင်း၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသမီးစောင်းပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်သင်းကြည်၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းသဲစုလှိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြေခင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးကောင်းသန့်၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မိုးနိုင်(ခ)နိုင်သူနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးကောင်းဆက်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသူ၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးကြည်သာဗိုလ်နှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်မြန်မာပြည်သားလေးဖိုးဇော်(ခ) ဇော်မင်းထွန်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်လွင်အောင်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးမောင်၊ တတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်မင်းမင်းမြတ်နှင့် နှစ်သိမ့်ဆုရ ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးထက်အောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်ကိုဇော်နှင့် တတိယဆုရ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဇော်တင့်လင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသား ပတ္တလား အတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်ဇော်အောင်နှင့် မောင်သူရထက်နိုင်၊ ပူးတွဲဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောပိုင်နှင့် မောင်သန့်ဇင်အောင်၊ တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထိန်လင်းအောင်၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲသူ၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဆန်းမင်းအောင်နှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးမြင့်သိန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါ်စန္ဒာခင်၊ ဦးကျော်ကျော်ဝင်း၊ ဦးခင်မောင်အေး၊ ဦးအေးမြင့်ကြူ၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့်တို့က ပတ္တလားအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ဒုံမင်းအတီးပြိုင်ပွဲ၊ နှဲပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၊ အိုးစည်အတီးပြိုင်ပွဲနှင့် ဒိုးပတ်အတီးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများက မြန်မာဆိုင်းဝိုင်းကြီးနှင့် မြန်မာစောင်းတို့ဖြင့် တွဲဖက်၍ ပြန်လည်တီးခတ်ဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (သတင်းစဉ်)



တေဇ(၁၈)မှ သင်တန်းဆင်းအရာရှိများက သင်တန်းဆင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

## နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၅**

ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD Bank) က နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများကို ရန်ကုန်မြို့တွင် မြန်မာ့ရွှေပင်းမောလ် (ဆူးလေ)၊ Esapce Avenir Executive Service Apartment (လှည်းတန်း)၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ဆိုက်ရောက်/ထွက်ခွာ)နှင့် မန္တလေးမြို့တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ အောက်တိုဘာ ၂၄ ရက်မှစ၍ ဖွင့်လှစ်လျက်ရှိသည်။ **(ယာပုံ)** အဆိုပါ ကောင်တာများတွင် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ FEC နှင့် စင်ကာပူဒေါ်လာများကို ဝယ်ယူခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## ပုဇွန်တောင်ချောင်းအတွင်း ငါးအမြောက်အမြားမူးဝေမျောပါ ချောင်းရေအရည်အသွေးစစ်ဆေးဖို့လိုလာ

**ရန်ကုန် အောက်တိုဘာ ၂၅**

မြစ်ချောင်းနေ ရေချိုငါးများ အစုလိုက်အပြုံလိုက် ရေပေါ်၌ မူးဝေမျောပါသော ဖြစ်စဉ်တစ်ခု အောက်တိုဘာ ၂၄ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်ချောင်းအတွင်း၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ရေစစ်ချိန် မနက်ကိုးနာရီလောက်မှာ ဖြစ်တာပါ။ ငါးတွေက အစုံပဲ၊ မူးပြီးရေပေါ်မှာ ပေါ်ပြီးမျောနေတာ၊ အချို့နေရာတွေဆိုရင် ဖျာခင်းထားတဲ့အတိုင်းပဲ ငါးစင်ရိုင်း၊ ငါးခွေးလျှာ၊ ငါးသံလုံး အမျိုးစုံပဲ။ အကောင်လည်း တော်တော်ကြီးတယ်။ ဖမ်းလို့တော့ မရဘူး။ လှေက အနားရောက်ရင် ငုပ်သွားကြတယ်" ဟု ပုဇွန်တောင်ချောင်းအတွင်းရှိ ဝက်ဆိပ်သမ္ဗန်ဆိပ်မှ ကူးတို့သမ္ဗန်ခတ်သူ ဦးဆန်းထွန်းက ပြောသည်။

ထိုကဲ့သို့ ပုဇွန်တောင်ချောင်းအတွင်း ငါးများ မူးဝေမျောပါခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက "အခုလိုဖြစ်ရပ်မျိုးက သေသေချာချာ မစစ်ဆေးနိုင်ခင်မှာ ဘာကြောင့်ဆိုတာကို ပြောရခက်ပါတယ်။ ဓာတုအဆိပ်အတောက်တွေကြောင့်လား၊ ရေရဲ့အရည်အသွေး နိမ့်ကျခြင်းကြောင့်ပဲလားဆိုတာ သေသေချာချာသိဖို့လိုပါတယ်။ ရေအရည်အသွေးကြောင့်ဆိုတာ ရေထုထဲမှာရှိတဲ့ အောက်ဆီဂျင်ပမာဏ နိမ့်ကျလာခြင်းကြောင့် ငါးတွေမူးဝေခြင်းဖြစ်ပြီး ဓာတုအဆိပ်အတောက်တွေကြောင့်ဆိုရင် ဒီငါးတွေကို စားမိတဲ့လူတွေအတွက် အန္တရာယ်ရှိလာနိုင်ပါတယ်။ ဒီငါးတွေကို သေသေချာချာ စစ်ဆေးနိုင်မှသာ ဘာကြောင့်ဆိုတာရယ်၊ ဘာတွေဆက်လုပ်သွားဖို့ လိုတယ်ဆိုတာကို သိရမှာပါ" ဟု ရှင်းပြသည်။

အဆိုပါချောင်းအတွင်း ပုစွန်တုပ်များကို ကွန်နှင့်ပစ်၍ ဖမ်းရသော အလုပ်ကို လုပ်ကိုင်နေသူတစ်ဦးကလည်း "ဒီရက်က ချောင်းထဲမှာ ရေနာနေတယ်။ ကျွန်တော်တို့ ကွန်သမားတွေတောင် အထိအမိနည်းလို့ တချို့လှေတွေ ပြန်ကုန်ပြီ။ ရေနာတယ်ဆိုတာ ရေမသန့်တာကို ပြောတာပါ။ ရေမသန့်တော့ ငါးနေ၊ ငါးဒိုင်တွေ ပြောင်းကုန်ပြီး အထိအမိနည်းတာပါ။ အခုမနက် ငါးတွေပေါ်ပြီး မျောတာလည်း ရေမသန့်လို့ဖြစ်မှာပါ" ဟု သူ၏ အမြင်ကို ပြောသည်။

"ဒီလို မြို့ပြနဲ့ နီးတဲ့ မြစ်ချောင်းတွေဟာ စွန့်ပစ်အညစ်အကြေးနဲ့ အဆိပ်အတောက်တွေရဲ့ ဒဏ်တွေကို အများဆုံးခံရပါတယ်။ ဒီချောင်းတစ်လျှောက်ကိုပဲကြည့်။ စက်ရုံ၊ အလုပ်ရုံတွေ၊ လူနေအိမ်တွေ အများကြီးရှိပါတယ်။ ဒီချောင်းထဲကို ဒီအတိုင်းပဲ စွန့်ပစ်ပစ္စည်းမျိုးစုံကို စည်းကမ်းမဲ့ စွန့်ပစ်နေကြဦးမယ်ဆိုရင် ဒီလိုအဖြစ်မျိုးတွေ ထပ်ဖြစ်နေဦးမှာပါ" ဟု သာကေတတံတားဟောင်းပေါ်မှ ငါးများမျောပါနေသည်ကို လာကြည့်သူတစ်ဦးက ဆိုသည်။

ထိုကဲ့သို့ ပုဇွန်တောင်ချောင်းအတွင်း ငါးများ မူးဝေမျောပါခြင်းကို အနီးအနားပတ်ဝန်းကျင်မှ လူများနှင့် အဆိုပါချောင်းအတွင်း သွားလာနေကြသော သင်္ဘော၊ စက်လှေ၊ သမ္ဗန်များပေါ်မှ လူများ မြင်တွေ့ခဲ့ကြပြီး ၎င်းတို့၏ ပြောပြချက်အရ အဆိုပါငါးများ မူးဝေမျောပါသော ဖြစ်စဉ်မှာ ရေစစ်ချိန် နံနက် ၉ နာရီခန့်မှ ရေတက်ပြီး ၉ နာရီခွဲခန့်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။ (၆၄၉)

(26-10)10.pmd 1 10/26/2011, 3:20 AM




(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက ဂီတလုလင်ဦးကိုကို ရေးစပ်သီကုံးသော ပြန်လည်ဆုံစည်းကြမယ်တေးသီချင်းကို အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား



(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အရေးအကဲဖြတ်ပညာရှင်များ ကိုယ်စား အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၅

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်အကဲဖြတ် အမှတ်ပေးခဲ့ကြသော အကဲဖြတ်ပညာရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ညနေ ၅ နာရီတွင် အခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း ရှည်လျားမှုနှင့် လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာမြင့်မားမှုတို့ကို တိုင်းတာရာတွင် ယဉ်ကျေးမှုမျက်နှာစာသည်လည်း အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရှည်လျားသောသမိုင်းကြောင်းနှင့် ဂုဏ်သိက္ခာမြင့်မားမှုတို့ကို ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများ၊ ခေတ်ပြိုင်မြို့ပြနိုင်ငံများ၏ မှတ်တမ်းမှတ်ရာများက သက်သေပြလျက်ရှိပါကြောင်း။

သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များကို ရှေးအဆက်ဆက်က ထိန်းသိမ်းခဲ့ကြပြီး မိမိတို့လက်ထက်တွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

## ရောဝတီတံတား(ညောင်တုန်း) အချောသပ်နေပြီ...

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီမြစ်ကူးတံတားကြီးငါးစင်း တစ်ပြိုင်နက်တည်ဆောက်နေရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်နေသည့် ဧရာဝတီတံတား(ညောင်တုန်း)တည်ဆောက်ရေးစီမံကိန်းကြီးမှာ ယခုအခါပင်မတံတား တည်ဆောက်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ချဉ်းကပ်တံတားအပါအဝင် တံတားတစ်စင်းလုံး၏ လုပ်ငန်းပြီးစီးမှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ ဧရာဝတီတံတား(ညောင်တုန်း)ကို ယခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတံတား (ညောင်တုန်း)ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်က စတင်တည်ဆောက်ခဲ့ရာ တစ်နှစ်အတွင်း ပြီးစီးခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတံတား (ညောင်တုန်း) ပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီး ထွက်ကုန်များဖြစ်သော ဆန်စပါးနှင့် ရေထွက်ကုန်များ အလွယ်တကူ ဖြန့်ဖြူးရောင်းချသွားနိုင်မည်ဖြစ်သည်။

● ကိုတင်လှိုင်(မိတ္ထီလာ)

ယ နေ့ သ တ င် း အ ညွှ န် း

## ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ညှိနှိုင်းဆွေးနွေး

" အမျိုးသားဆေးဝါးမူဝါဒ ပေါ်ထွက်လာခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းချိုသာသည့် ဆေးဝါးများ ရရှိနိုင် "

ပြည်တွင်းသတင်း စာမျက်နှာ - ၂

## နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်

" နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများကို အောက်တိုဘာ ၂၄ မှစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အခြားနေရာများတွင် ဖွင့်လှစ် "

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀